

MIDNIGHT BLUE

မယ်ရှင့်

WHISPER OF WORDS

မယ်လွင့်

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့်အကြိမ် — ဒုတိယအကြိမ်၊ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ။
ပထမအကြိမ်၊ ၂၀၂၀ ခုနှစ်၊ ဇွန်လ။

အုပ်ရေ — ၁၀၀၀

ထုတ်ဝေသူ — ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၀၇၅၉) အမှတ် (၃၉)၊ ပထမထပ်၊ ရန်ပြေ ၁၂-လမ်း၊ သာကေတမြို့နယ်။

ပုံနှိပ်သူ — ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆) အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း — ဟိန်းထက်ကျော်

CTP — Eagle

တန်ဖိုး — ၂၅၀၀ ကျပ်

မယ်လွင့် Midnight Blue/မယ်လွင့်။ ရန်ကုန်။

တောင်ဇလပ်နီ စာပေတိုက်၊ ၂၀၂၀။ စာ-၁၀၆၊ ၁၂.၅ × ၁၈.၅ စင်တီ။ (2) Midnight Blue

မာတိကာ

မမယ်လွင့်အတွက် အမှတ်တရ

(မြွတ်သန်း)

၁။ ဟိုဘက်အခန်းက မိန်းမ

၂။ ခြောက်ကမ်းပါးစွန်းမှာ

၃။ The Steak

၄။ အခန်းနံပါတ် ၆၀၆

၅။ အဲဒီအမျိုးသား

၆။ တမြွေမြွေ... လောင်

၇။ သတ်သေသွားတဲ့မိန်းမ

၈။ The Last Memories

၉။ နာရီ

၁၀။ အမျိုးသမီး ငါးယောက်

၁၁။ အေး ... ခဲ

၁၂။ အပျော်မယား

မမယ်လွှင့်အတွက် အမှတ်တရ

မမယ်လွင့်က သူ့စာအုပ်အတွက် အမှာစာ ရေးပေးဖို့ ကျွန်တော့်ကို messenger ကနေ ပြောလာခဲ့တယ်။ ကျွန်တော်က ပြန်ပြောမိခဲ့၊ ကျွန်တော်ဟာ ဘာကောင်မှမဟုတ်လို့ အမှာစာ မရေး ပါရစေနဲ့လို့။ ဒါပေမဲ့ သူက တစ်ခွန်းပဲ ပြန်ပြောခဲ့၊ သူ့စာအုပ်မှာ သူ ရေးစေချင်တဲ့သူကို သူ ရေးခိုင်းမှာပဲ တဲ့။ ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ ဒီစာဟာ အမှာစာ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့သူ တစ် ယောက်ရဲ့ Midnight Blue စာအုပ်အကြောင်း အမှတ်တရ ရေးပေးခြင်း ပဲ ဖြစ်ပါတယ်။

Midnight Blue ထဲက အရေးအသားတွေထဲမှာ လိင်ပိုင်း ဆိုင်ရာ အငွေ့အသက်တွေကို အများအပြား တွေ့ရှိရမှာ ဖြစ်ပါတယ်။ အပြာစာအုပ်တွေနဲ့ ယခုလို အရေးအသားတွေအကြား ကွာခြားမှုတွေ ရှိပါတယ်။ ကွာခြားမှုတွေ ရှိတယ်လို့ ဆိုလိုရာမှာ အပြာစာအုပ်တွေကို မကောင်းတာအဖြစ် သတ်မှတ်လိုတာကြောင့် မဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင်လည်း အပြာကားကြည့်၊ အပြာစာအုပ် ဖတ်တဲ့သူတစ် ယောက် ဖြစ်တယ်။ ကျွန်တော် မေးခွန်းထုတ်လိုတာက ကျွန်တော်တို့ ဘာကြောင့် အပြာကားကြည့်၊ အပြာစာအုပ် ဖတ်ကြသလဲ။ ရည်ရွယ် ချက်က ရှင်းပါတယ်၊ ကျွန်တော်တို့ တစ်ကိုယ်ရည် အာသာဖြေလိုတာ ကြောင့်၊ ကိုယ့်ရဲ့ မပြည့်ဝတဲ့ လိင်စိတ်ဆန္ဒတွေကို ဖြေဖျောက်ဖို့အတွက် ဖြစ်တယ်။

ဒါပေမဲ့ Midnight blue ထဲက အရေးအသားတွေထဲ တွေ့ရှိရမယ့် လိင်ပိုင်းဆိုင်ရာ အရေးအသားတွေဟာ ခင်ဗျားကို သွေးသား ဆန္ဒတွေ ဖြစ်ပေါ်လာစေမှာ မဟုတ်ဘူး။ ပြောရရင် ခင်ဗျားဟာ လိင်စိတ် ထကြွနေတဲ့အချိန် ဖတ်မိရင်တောင် ဘာတင်းမာမှုမှ မရှိတော့ဘဲ လိင်စိတ်တွေ လုံးဝပျောက်ဆုံး သွားနိုင်တယ်။ အဲဒီအစား အသူရာ ချောက်တစ်ခုတွင်း ပြုတ်ကျပြီး အဲဒီချောက်အမှောင်ထုထဲ အချိန် အတော်ကြာ လွင့်မျောနေသလို ခံစားရမှာ ဖြစ်တယ်။

ကျွန်တော်တို့ စာအုပ် ဘာကြောင့် ဖတ်ကြသလဲ။ ကိုယ့်ကိုယ် ကိုယ် ပြန်မေးကြည့်ပါ။ ဘဝကို တိုးတက်ချင်လို့၊ သင်ခန်းစာတွေ လိုချင်လို့၊ ဆုံးမတာ ခံချင်လို့ စသည်ဖြင့် ဆိုရင်တော့ ဒီစာအုပ်ဟာ ခင်ဗျားနဲ့ ကိုက်ညီမှုရှိမှာ မဟုတ်ဘူး။ Midnight Blue ဟာ ခင်ဗျားကို ဘဝသင်ခန်းစာတွေ၊ ဆုံးမစာတွေ၊ တိုးတက်အောင် ပြုပြင်မှုတွေ ပေးမှာ မဟုတ်ဘူး။ အဲဒီအစား ဘဝမှာ ဘာကြောင့် အသက်ရှင် နေထိုင်နေရသေးတာလဲအတွက် မေးခွန်းထုတ်မှုတွေ၊ လူတစ် ယောက်ရဲ့ အတွင်းထဲက မကွယ်မဝှက်တမ်း ခံစားချက်တွေ၊ လူ တစ်ယောက် (ဝါ) အမျိုးသမီးတစ်ယောက်ရဲ့ ချစ်ခြင်းအပေါ် ထားတဲ့ အမြင်တွေကို ခံစားရမှာ ဖြစ်တယ်။

ဒါက ကျွန်တော့်အမြင် သက်သက်ပါပဲ။ ခင်ဗျားတို့ အနေနဲ့ ဖတ်ပြီးတဲ့အခါ ခင်ဗျားတို့ မြင်ချင်သလို မြင်ကြမှာပဲ။ အဲဒါကို ကျွန်တော့် အနေနဲ့ ဘာမှ ပြောပိုင်ခွင့်မရှိ။ လူဆိုတာ ကိုယ့်အတွေးနဲ့ ကိုယ်၊ ကိုယ့် ဆုံးဖြတ်ချက်နဲ့ ကိုယ်၊ ကိုယ့်လမ်း ကိုယ်လျှောက် နေထိုင်သွားကြ ရတာပဲ မလား။ ကိုယ့်လမ်းကိုယ်လျှောက်ရင်း၊ လမ်းမှာ အမှတ်တမဲ့ ဆုံမိကြတဲ့အခါ အမုန်းတရားတွေ မရှိဘဲ ချစ်ခြင်းမေတ္တာတွေနဲ့ တစ်ယောက်ကို တစ်ယောက် ပြုံးပြဖို့ ဆန္ဒပြုလျက်။

မြတ်သန်း

၁၉၊ ဝ၄၊ ၂ဝ၂ဝ

ဟိုဘက်အခန်းက မိန်းမ

(၁)

အခန်းသန့်ရှင်းရေးပြီးတော့ အပြင်မှာလည်း တော်တော် မှောင်လာခဲ့သလို ကျနော်လည်း တော်တော်လေးကို ပြိုင်းသွားခဲ့ပြီ။ ချွေးတိတ်အောင် စောင့်ရင်း ခဏနေမှ ရေချိုးမယ်လို့ တွေးပြီး ဝတ် ထားတဲ့ တီရှပ်ကို ချွတ်လိုက်တယ်။ ကိုယ်လုံးပေါ်က ချွေးစက်တွေကို တီရှပ်နဲ့ လိုက်သုတ်ရင်း ကိုယ့်လက်မောင်းသားတွေကို ပြန်ငုံ့ကြည့်ပြီး ကျနော် သဘောကျနေမိတယ်။ ထရိန်နာနဲ့ သေသေချာချာ ဆော့ထား လို့ ကျနော့်ကိုယ်လုံးမှာ ကြွက်သားတွေက သူ့နေရာနဲ့သူ လှနေတယ်။ အခု ကျနော် ဆော့နေတဲ့ နေရာက ဈေးမကြီးပေမယ့် ပိုင်ရှင်ကိုယ်တိုင် က ထရိန်နာမို့လို့ အရမ်းအဆင်ပြေတယ်လေ။

ချွေးတိတ်သွားလို့ ရေချိုးတော့မယ် လုပ်နေတုန်းမှာ တံခါး ခေါက်သံ ပေါ်လာတယ်။ ဒီနေ့မှ ဒီနေရာကို ပြောင်းလာတဲ့ ကျနော့် အတွက် လာစရာ ဧည့်သည်လည်း မရှိပါဘူးလို့ တွေးရင်း တံခါးသွား ဖွင့်လိုက်တော့ တံခါးဝမှာ မိန်းမတစ်ယောက်။ အိမ်နေရင်း ဂါဝန် လက်ပြတ် ခပ်ပါးပါးနဲ့ ဆံပင်တွေကို ဖားလျားချထားတယ်။ နက်မှောင် ပြောင်လက်နေတဲ့ ဆံပင်တွေက သူ့တင်ပါးနားအထိ လှလှပပ တွဲလဲ ခိုလို့၊ သူ့ခန္ဓာကိုယ်က သွယ်သွယ်နွဲ့နွဲ့ ကျနော့်စိတ်ထဲကနေ လေတစ် ချက်ချွန်လိုက်တယ်။ အိမ်နားတင် မျက်စိအစာကျွေးစရာ အမိုက်စား တစ်ယောက်ရှိတာ ကိုယ့်အတွက် ခွင်ပဲ မဟုတ်လား။

သူက သူ့ဆံပင်တွေကို ပခုံးနှစ်ဖက်ကနေ ကျော်ချထားပြီး ဂါဝန် အပေါ်ကနေ ရင်သားတွေ ဖုံးအောင် လုပ်ထားပေမယ့် အတွင်းခံ ဝတ်မထားလို့ ထင်တယ်၊ သူ့ရင်သားထိပ်ကလေး စူထွက်နေတာကို အင်္ကျီပေါ်ကနေ မြင်နေရတယ်။

"ဒီမှာ..."

ကျနော့်မျက်လုံးတွေကို သူ့ရင်သားပေါ်ကနေ သူ့မျက်လုံး တွေဆီကို ပြောင်းရွှေ့ အာရုံစိုက် လိုက်တယ်။

"ငါ့မောင်က အသစ်ပြောင်းလာတာ မဟုတ်လား ကျနော် ခေါင်းပဲ ညိတ်ပြလိုက်တယ်။"

"အင်း ... တခါတည်းသိအောင် အမ လာပြောထားတာ၊ ဒီအဝတ်လှမ်းစင်က

ဒီမှာ ထားလို့ မရဘူး၊ ဒီဘက်အခြမ်းက အမ ပိုင်တာ၊ မောင်လေး ပိုင်တာက မောင်လေး ပန်းအိုးတွေ ချထားတဲ့ နေရာအထိပဲ ... ပြန်သိမ်းလိုက်နော်”

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသလို နေရာလာခွဲခြမ်း ပြတဲ့ ဒီမိန်းမကို ကျနော် စိတ်ချဉ်ပေါက် သွားတယ်။ သူလည်း ဘာမှ ထားထားတဲ့ နေရာမဟုတ်ဘဲနဲ့ အဝတ်လှမ်းစင် တစ်စင်ကို ပုံကြီး လာချဲ့ပြနေတာ။ တကယ်ဆို ကျနော်လည်း အကြာကြီးထားဖို့ စိတ်ကူး မရှိပါဘူး။ နေရာမကျသေးလို့သာ ခဏတဖြုတ် ထားတာ။

“အခုလည်း ခင်ဗျား ဘာပစ္စည်းမှမှ မထားနေတာ ၊ ထားစရာ ရှိတော့ပြော၊ ကျနော် လာရွှေ့ပေးမယ်”

အဲဒီမိန်းမက သူ့အိမ်ဘက် လှည့်ဝင်ဖို့ ပြင်နေရာကနေ ကျနော့်ကို လည်ပြန် လှည့်ကြည့်လာတယ်။ ဘုရား ... သူ့မျက်လုံးတွေက စူးရှလိုက်တာ။

“ကိုယ်အားတုန်း မင်းရှိတုန်း ပြောစရာရှိတာ လာပြောတာ။ နောက်မှ မဖယ်ရင် လွှင့်ပစ်လိုက်ရုံပဲ”

သူ ပြောချင်တာကို ပြောပြီး သူ့အိမ်ထဲကို ပြန်ဝင်သွားခဲ့ တယ်။ ယောက်ျားတန်မဲ့ တွက်ကတ်တယ်လို့ အပြောမခံချင်တာနဲ့ အဝတ်လှမ်းစင်ကို အခန်းထဲကို ပြန်သွင်းယူခဲ့လိုက်ရတယ်။ ရန်ကုန်က လူတွေဟာ တွန့်တိုစရာ မရှိရင် ရှာနေတဲ့လေတောင် တွန့်တိုကြတယ် လို့ တွေးပြီး ကျနော် ခေါင်းခါလိုက်မိတယ်။ အဝတ်လှမ်းစင်ကို နေရာချပြီးတော့ ရေချိုးခန်းထဲကို တန်းဝင်လိုက်တယ်။ ရေပန်းကို ဖွင့်ချပြီး အောက်ထဲ ဝင်ရပ်ရင်း ခုနက မိန်းမရဲ့ မျက်လုံးတွေကို မြင်ယောင်လာတယ်။ သူ့မျက်လုံးတွေက မြင်ဖူးနေကျနဲ့ မတူဘဲ တစ်မျိုးပဲ။

မျက်ဆံအိမ် ရှည်လျားလျားနဲ့ စူးတောက်နေတဲ့ မျက်လုံးတွေ၊ အဲလို မျက်လုံးတွေနဲ့ မိန်းမကို ကျနော့် ကိုယ်လုံးအောက်မှာ ဖိထားပြီး အော်ဟစ်ငြီးတွား တောင်းဆိုနေအောင် လုပ်ကြည့်ရင် ဘယ်လိုနေမ လဲ။ သူ့ဆံပင်ရှည်တွေကို နောက်ကနေ လက်တွေနဲ့ ရစ်ပတ်ဆွဲထားပြီး သူ့တင်ပါးတွေကို ရိုက်ရင် သူ ကျနော့်ကို အဲဒီလို မျက်လုံး စူးစူးရဲရဲ တွေနဲ့ ပြန်ကြည့်နိုင်မှာလား။ နှုတ်သီးကောင်း လျှာပါးနိုင်ပုံရတဲ့ နှုတ်ခမ်းတွေကို အတင်းဖိကပ် နမ်းပစ်လိုက်ရင်တော့ သူ ကျနော့်ကို ပြန်မစွာ နိုင်လောက်တော့ဘူး ထင်တယ်။ သူ့အနံ့ကရော ဘယ်လိုနေမလဲ။ ကျနော့်အကြိုက် စူးရှရှ ဖြစ်နေရင် တော်တော်မိုက်မယ်။

ရေချိုးရင်း၊ အဲဒီမိန်းမကို မြင်ယောင်ရင်း ကျနော့်ကောင်ကို ကျနော် အာသာဖြေလိုက်တာ နည်းနည်းတောင် ကြာသွားတယ်။

ကျနော်တို့ အိမ်နောက်ဖေး ဝရံတာတွေက ကပ်နေတဲ့အ တွက် အဲဒီမိန်းမရဲ့ အဝတ်လှမ်းစင်ကနေ အပြာနုရောင် ပင်တီတစ် ထည်ကို ကျနော် ခိုးယူလို့ ရလိုက်တယ်။ ရေလျှော်ပြီးလို့ ထင်တယ်၊ ဘာအနံ့မှ မရတော့လို့ ကျနော် စိတ်ပျက်သွားတယ်။

(၃)

ဒီကိစ္စတွေရဲ့ နောက်ပိုင်းမှာ ကျနော်ဟာ အဲဒီမိန်းမနဲ့ မဆုံ ဆုံအောင် ကြိုးစားဖြစ်တယ်။ သူ့ကို မနက်ခင်းတွေဆိုရင် သိပ်မတွေ့ ရတတ်ဘူး။ သူက ညလူ ဖြစ်ပုံရတယ်။ ညမိုးချုပ်လောက်မှ သူ့ အခန်းဘက်ဆီက အသံတချို့ကို ကြားရတတ်တာ။ သော့ဖွင့်သံ၊ ရေသံ စသဖြင့်ပေါ့။ တစ်ခါတလေ ကျနော် ညသန်းခေါင်လောက် ဗိုက်ဆာလို့ အောက်ကိုဆင်းရင် ဓာတ်လှေကားမှာ သူနဲ့ ဆုံတတ်တယ်။

အဲဒီအခါ ဓာတ်လှေကားကနေ အတူဆင်းရင်း နောက်ကနေ သူ့တင်ပါးတွေနဲ့ ဆံပင်တွေကို လိုက်ငေးနေမိတယ်။ သူ့ဆံပင် နက်နက်တွေပေါ်မှာ ကျနော့်ဆီက သုတ်ရည်ဖြူဖြူတွေနဲ့သာဆို စံပယ် ပွင့်ကလေးတွေ ပန်ထားသလို လှမယ်။ ကျနော့်စိတ်ထဲကနေ အဲဒီမိန်းမကို အမျိုးမျိုး အလှဆင်ကြည့်တယ်။ အဝတ်အစားမျိုးစုံ၊ ပုံစံ မျိုးစုံ၊ ကျနော့်စိတ်ထဲမှာတော့ မြန်မာဝတ်စုံနဲ့၊ သူ့ဆံပင်ရှည်တွေနဲ့ဟာ အလိုက်ဖက်ဆုံးပဲ။ အဲဒီလို ဝတ်စုံလေးနဲ့ သူ့ကို ကျနော့်ရှေ့မှာ ဒူးတုပ် ခိုင်းပြီး သူ့ဆံပင်တွေနဲ့ ကျနော့် ... အား...

ကျနော့် အတွေးတွေက တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး ပြင်းထန် လာတယ်။ ဒီမိန်းမကို ကျနော့်ရှေ့မှာ ဒူးတုပ်ခိုင်းထားပြီး ကျနော့်ကို အာသာငမ်းငမ်း မျက်လုံးတွေနဲ့ မော့ကြည့်ဖို့၊ ကျနော့်လက်မောင်းတွေ ကြားမှာ တွန့်လိမ်ရုန်းကန် အော်ဟစ်နေတာကို မြင်ရဖို့ဟာ ကျနော့်ရဲ့ ရည်မှန်းချက်တွေလို ဖြစ်လာခဲ့တယ်။

ရည်မှန်းချက် ရှိမှတော့ ကျနော်ဟာ သူ့ကို ချဉ်းကပ်ရပြီ။ ခင်အောင် ပေါင်းရပြီ။ ဒါပေမယ့် ဒီမိန်းမက အကြော သိပ်တင်းတယ်။ ကျနော့်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် ပြန်အဖက်မလုပ်ခဲ့ဘူး။

(၄)

မုဆိုးဆိုတာ လိုချင်တဲ့ သားကောင်ရဖို့ စိတ်ရှည်ရတယ်တဲ့။ အဲဒီအမျိုးသမီးကို ကျနော် ရနိုင်ဖို့ အခွင့်အရေးဟာ ဒီနေ့မှာ ကျနော့် လက်ထဲ ရောက်လာခဲ့ပြီ။

အခု ကျနော် အိပ်မလို့ လုပ်နေတုန်း ကျနော့်အခန်းဝကို အဲဒီ မိန်းမ ရောက်လာတယ်။ သူ့ပုံစံက တစ်ခုခုကို အသည်းအသန် ကြောက်နေခဲ့သလို ဖျော့ချော်းတွေနဲ့ တစ်ကိုယ်လုံး တုန်ယင်လို့။

"မမ ဘာဖြစ်လို့လဲ"

"အစ်မ ခုတင်အောက်ထဲကို မြွေဝင်သွားလို့"

ကျနော် တုတ်တစ်ချောင်း ကိုင်ပြီး သူ့အခန်းဆီကို ကူးသွား လိုက်တယ်။ ကျနော်တို့ အခန်းနေရာတွေက အရင်က လယ်ကွင်း နေရာကို ပြန်ဆောက်ထားတာဆိုတော့ မြွေတွေ၊ ကွက်တွေက လာတတ်တယ်လေ၊ ဒါပေမယ့် အပေါ်ဆုံးထပ်အထိ ရောက်လာတာ ကတော့ နည်းနည်းလွန်တာပေါ့။

"ကျနော် ကြည့်ပေးမယ် မမ"

ကြည့်လိုက်တော့ တကယ်ပဲ ခုတင်အောက်က ယောကျ်ား စီး sneaker ဖိနပ်ဟောင်း တစ်ဖက်ထဲမှာ ဗိုက်ဝါဝါနဲ့ လင်းမြွေကြီး။ ကျနော် မြွေကို ဖိနပ်နဲ့အတူ ဆွဲထုတ်ပြီး သူ့ရှေ့ကို ပြလိုက်တယ်။

"မကြောက်ပါနဲ့ မမရဲ့.. လင်းမြွေပါ"

တကယ်က သူ ကြောက်မှန်း သိလို့ကို ကျနော် တမင် ပါဝါ ပြတာ။ သူကတော့ အားခန်အော်ပြီး သူ့အခန်းကနေ ကျနော့် အခန်း ဘက်ကို ကူးပြေးသွားတယ်။ ကောင်းတယ်၊ အဲဒီမိန်းမ ကြောက်နေ တာကို မြင်ရတာ။ ကျနော် မြွေကို သွားပစ်လိုက်ပြီး အခန်းထဲ ဝင်လိုက်တော့ သူက ကျနော့်ဧည့်ခန်းက ဆိုဖာပေါ်မှာ ခြေထောက် တွေကို တင်လို့ ထိုင်နေတယ်။

"အစ်မ တခုခု မသောက်ဘဲ ဒီည မအိပ်ရဲဘူးကွယ်၊ ဘာ သောက်စရာရှိလဲဟင်"

"မရှိဘူး... မမ ၊ ကျနော်က တစ်ယောက်တည်း နေတော့လေ"

ဒါဆိုလည်း ကူညီလက်စနဲ့ အမ အခန်းထဲက ရေခဲသေတ္တာ ထဲမှာ ဂျက်ဒန်နီယယ်ပုလင်း ရှိတယ်၊ စားစရာတွေလည်း ရှိတယ်၊ အမ သွားမယူရဲလို့ မောင်လေး သွားယူလိုက်နော်...

မယူစရာ ဘာကိစ္စမှ မရှိဘူးလေ။ စားရက်ကြုံတော့ ကိုယ်မှန်း နေရတဲ့ မိန်းမက ကိုယ်နဲ့ အရက်သောက်ဖို့ ဖြစ်လာတော့တာပဲဟာ။ ကျနော် သူ့အိမ်ထဲဝင်ပြီး ရေခဲသေတ္တာထဲက ပုလင်းတွေ မယူခင် ခုနက သူ့အခန်းထဲကို ဝင်လိုက်တယ်။ ဒီအမျိုးသမီးက လူလေးမိုက်ပေမယ့် အနေအထိုင် ညစ်ပတ်ပုံပဲ...၊ သူ့အခန်းက

မြွေဝင်တာတောင် နည်း သေးတယ်။ သူ့ခုတင် ခြေရင်းဘက်မှာ ယောက်ျားစီးဖိနပ် တော်တော် များများကို ပုံထားတယ်။ တချို့ဆို ဖုံတွေတက်ပြီး ဟောင်းနွမ်းလို့ တောင်နေပြီ။ ကျနော် သိသလောက်တော့ သူ့ဆီကို ယောက်ျားတွေ လာတာ မတွေ့သလောက်ပဲ။ ဒါဆို ဘယ်သူ့ ဖိနပ်တွေလဲ … ။

ကျနော် စပ်စပ်စုစု တွေးနေတာကို ရပ်ပြီး ခုနက ခုတင် အောက်က မြွေကို ဆွဲထုတ်နေရင်း ကျနော် မြင်ထားတဲ့ ခုတင်ပေါ်က သူ့အတွင်းခံဘောင်းဘီ အလိပ်ကလေးကို လှမ်းယူလိုက်တယ်။

ချွတ်ထားတာ မကြာသေးဘူး ထင်တယ်။ သူ့အနံ့က ကျနော့် အကြိုက် စူးရှရှ အနံ့တွေကို ကျနော် ရှူသွင်းရင်း စိတ်တွေ တက်ကြွ လာတယ်။ ဘောင်းဘီလိပ်ကလေးကို ကျနော့်ဘောင်းဘီအိတ်ထဲ ထိုးထည့်ခိုးယူပြီး မီးဖိုခန်းထဲ ဝင်ခဲ့လိုက်တယ်။

အရက်တွေရော စားစရာ တချို့ပါ ယူလာပြီး ကျနော့်အိမ်က ဧည့်ခန်းထဲမှာပဲ သောက်ဖြစ်ကြတယ်။ ရီဝေနီရဲနေတဲ့ မျက်နှာလေးနဲ့ အဲဒီ မိန်းမဟာ ချစ်စရာလေး၊ ကျနော်ကတော့ ဒီည သူ့ကို အရချိုင်မှာမို့လို့ အရက်ကို သောက်ချင်တိုင်း မသောက်ဖြစ်ဘဲ ထိန်းသောက်နေခဲ့တယ်။

သောက်ရင်းနဲ့ သူ ပိုပိုပြီး မူးလာတယ်။ ကျနော့်ကို စကား တွေ အများကြီး ပြောပြီး ရယ်တယ်။ ကျနော် သူ့ဘေးကို ဝင်ထိုင်လိုက် ပြီး သူ့ပခုံးကို ဖက်ထားတော့လည်း သူ ဘာမှ မပြောဘူး။ ကိုယ့်ရင်ခွင် ထဲ ရောက်နေပြီ ဖြစ်တဲ့ မိန်းမတစ်ယောက်ဟာ သိပ်တော့ မခက်ခဲလှ တော့ဘူးပေါ့။ ကျနော် အရမ်းတွေ အင်ထရီ မဝင်နေတော့ဘဲ သူ့နှုတ်ခမ်း တွေကို ခပ်ကြမ်းကြမ်းနမ်းလိုက်တယ်။

(၅)

သူ့ဘက်က မငြင်းဘူး၊ ပြန်တုံ့ပြန်လာပုံက လုံးဝကို ခပ်ကြမ်းကြမ်း။ ဝတ်နေကျ လက်ပြတ်ဂါဝန် ဆိုတော့ သူ့အဝတ်တွေက အလွယ် တကူ ကွာကျသွားတယ်။ အား… သူ့ရင်သားလေးတွေက ဝါဂွမ်းစိုင် အိအိလေးတွေလို ဝါဝင်းပြီး ခပ်တွဲတွဲလေး။ ရင်ဘတ်ကိုကော့ပြီး ကျနော့် ခေါင်းတွေကို သူ့လက်နဲ့ ဖိကပ်ထားတယ်။ သူ့ညည်းသံတွေက ပူလောင်ပြင်းပြလို့…။

ကျနော် ဝတ်ထားတဲ့ ညဝတ်ဘောင်းဘီကို ဆွဲချလိုက်တယ်။ ကျနော်တို့ဟာ တကူးတက ပြောစရာ မလိုဘဲနဲ့ တစ်ယောက် လိုအပ် ပုံကို တစ်ယောက် သိနေခဲ့ကြတယ်။ အဲဒီမိန်းမဟာ သူ့နှုတ်ခမ်းတွေနဲ့ ကျနော့်ကို အသာလေးထိတွေ့ပြီး မော့ကြည့်တယ်။ ပေါက်အံ့ဆဲဆဲ မြွေတစ်ကောင်လို စူးရဲနေတဲ့ မျက်လုံးတွေ…၊

ကျနော့်စိတ်တွေ ကြွသထက် ကြွလာတယ်။

သူ့လျှာတွေဟာ သူ ကြောက်တဲ့ မြွေတွေလို တလန်းလန်းနဲ့ ကျနော့်လိင်တံဟာ သူ့နှုတ်ခမ်းဖျားမှာ တူရိယာ တစ်ခုလို၊ ကျနော် မညည်းမိအောင် ထိန်းချုပ်လို့ မရဘူး။ ကျနော် သူ့ကို ဆိုဖာပေါ်ကို တွန်းလှဲလိုက်တယ်။

(၆)

ကျနော်တို့ ကမ္ဘာဦးဂီတတွေကို အသက်ရှူသံပြင်ပြင်းတွေနဲ့ အတူဖန်တီးကြတယ်။ ဆယ့်ငါးမိနစ်လောက် ကြာတဲ့အခါ ကျနော့် ကြိုးပမ်းမှုတွေရဲ့အောက်မှာ သူ့ခန္ဓာကိုယ်လေး အစွမ်းကုန် တွန့်လိမ် ရုန်းကန်၊ ကျနော့် ကျောပြင်တွေကို လက်သည်းတွေနဲ့ ကုတ်ခြစ်ပြီး သူ ဆိုဖာပေါ် ငြိမ်ကျသွားတယ်။ ချွေးစို့နေတဲ့ သူ့ပါးပြင်ကလေးကို ကျနော့်ပါးနဲ့ ထိကပ်ရင်း–

“မမ.. ပြီးပြီလား”

သူ အသံမထွက်ဘဲ ခေါင်းပဲ ညိတ်ပြတယ်။

“ဆိုဖာအောက်ကို ဆင်းထိုင်ပေးစမ်းပါ”

ကျနော့်စကားကို သူ မငြင်းဘူး။ ဆိုဖာပေါ်ကနေ လျှောချပြီး ကျနော့်ခြေထောက်ရှေ့မှာ ဒူးတွေတုပ်ပြီး ထိုင်လိုက်တယ်။

“မမ... ကျနော့်ကို ကြည့်ပါ”

မော့ကြည့်လာတဲ့ သူ့မျက်လုံးတွေကို ငေးရင်း ကျနော့် စိတ်ရော ကိုယ်ကိုပါ လွှတ်ချလိုက်တယ်။ သူက ရုတ်တရက်လန့်ပြီး မျက်နှာ လွှဲလိုက်လို့ အရည်တွေက သူ့နားရွက်အထက်က ဆံပင်တွေပေါ်ကို ရောက်သွားခဲ့ပေမယ့် ကျနော့် စိတ်ကူးထဲကအတိုင်း စံပယ်ပန်း ကလေးတွေ ပန်ထားသလိုပဲ။ သိပ်ကို လှနေခဲ့တယ်။

“ဟယ်... ဆံပင်တွေပေါ်ကိုတော်”

လို့ သူ ပြောပြီး ကျနော့်ကို မျက်စောင်းနုနုထိုးတယ်။ လိုချင် တာ ရသွားတဲ့အပြင် သူ့ရဲ့ စွဲမက်စရာ ပုံစံတွေကြောင့် ကျနော့်စိတ်ထဲမှာ သူ့ကို ချစ်လာမိတယ်။ သူ့ကို ဆွဲထူ၊ ဆံပင်ပေါ်ကဟာတွေကို တစ်ရှူးနဲ့ ဖယ်ပေးတဲ့အခါ မမဟာ ငြိမ်ငြိမ်လေး ကျနော့်ကို ငေးနေတယ်။ ကျနော် သူ့နဖူးလေးကို ဖွဖွနမ်းပြီး ဒီည ကျနော်နဲ့ အိပ်မလားလို့ မေးတော့ “ဒီမြွေရော၊ ဟိုမြွေပါ ကြောက်တယ်ရှင်” လို့ နွဲ့နွဲ့ကလေး ပြန်ဖြေတယ်။ ကျနော်ရယ်ပြီး သူ့ကို တအားဖက်ထားလိုက်မိတယ်။

အဲဒီနောက် စီးကရက်ဖွာ၊ ရေသောက်တာတွေလုပ်ပြီး ကျနော်နဲ့သူ ဆိုဖာပေါ်လှဲပြီး အနားယူကြတယ်။ အဝတ်အစား ကင်းမဲ့နေဆဲ မမဟာ ကျနော့်လက်မောင်းတွေထဲမှာ မျက်လုံးတွေကိုမှိတ်ပြီး ငြိမ်ငြိမ်ကလေး၊ ဒီလိုနဲ့ ကျနော် မမကို ပွေ့ဖက်ပြီး အိပ်ပျော်သွားခဲ့တယ်။

(၇)

ကျနော့်ခန္ဓာကိုယ် အောက်ပိုင်းဆီမှာ အေးစက်စက် လျှာက လေး တစ်ချောင်းရဲ့ လိမ်ပတ်နေတဲ့ အထိအတွေ့။ ကျနော် မျက်လုံး တွေကို မဖွင့်ဘဲ ဇိမ်ခံနေမိတယ်၊ မမဟာ အထန်မလေးပဲ။ အိပ်နေတဲ့ ကျနော့်ကို သူ့လျှာတွေနဲ့ နှိုးဆွနေခဲ့တာ။ ကျနော် ဆက်အိပ်ချင်ယောင် ဆောင်နေပေမယ့် ခန္ဓာကိုယ်ရဲ့ အထိအတွေ့ကို တုံ့ပြန်ပုံက ငြင်းဆန်လို့ မရဘူး။ မမရဲ့ အာခေါင်က နွေးနွေးလေး၊ ဆီးခုံနဲ့ လာထိတဲ့ မမ နှုတ်ခမ်းလေးတွေက အေးစက် ... ချွဲကျိ ...။

အေးစက်စက် ချွဲကျိကျိ နှုတ်ခမ်းတွေ...

ပိုပြီး တင်းကျပ်နက်ရှိုင်းလာတဲ့ စုပ်ယူမှု...

ကျနော့်မျက်လုံးတွေကို အလန့်တကြား ဖွင့်ကြည့်မိတဲ့အခါ ကျနော့်ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံး ဟာ မြွေတစ်ကောင်ရဲ့ အာခံ တွင်းထဲမှာ။

ချောက်ကမ်းပါးစွန်းမှာ

လူတွေဟာ ရေထဲတို့၊ ချောက်ကမ်းပါးထဲတို့ကို ခုန်ချ သတ် သေသွားရင် ဖိနပ်တို့ ဘာတို့လို သူတို့ပိုင် ပစ္စည်း တစ်ခုခုကို ချန်ထား ရစ်တတ်ကြတာ ဘာလို့လဲ။ ကမ္ဘာပေါ်မှာ ငါတို့ ရှင်သန်ခဲ့ဖူးတယ်ဆိုတဲ့ သင်္ကေတမျိုးလား။

အန်နာက အိမ်ထဲကအထွက်မှာ သူ့ခြေထောက် တစ်ဖက်ကို ကြမ်းပြင်နဲ့ဆောင့်ရင်း ကျနော့်ကို ပြောဖူးတယ်။ လှသန်းရဲ့ ကဗျာထဲ က စာကြောင်းတစ်ခုကို ဖိနပ်စီးတိုင်း သိပ်သတိရတယ်။ ငါ့ဖိနပ်က ငါ့ခံတပ်ပဲ...တဲ့။

May be ... ကျနော်က ကဗျာတွေ ဘာတွေ မဖတ်လို့ မသိဘူး။ စိတ်ကူးယဉ်ဆန်တယ်လို့ ထင်ရတာတွေကို ကျနော် မလုပ်ဘူး။ အန်နာကတော့ ကဗျာဖတ်တယ်၊ ပန်းချီဆွဲတယ်။ ဘာမှမလုပ်နေ လည်းပဲ တိမ်တွေကို ကြည့်ပြီး စိတ်ကူးနဲ့ အရုပ်ဆွဲပစ်တယ်။ ကျနော့် အတွက်တော့ တိမ်တွေဆိုတာ တိမ်တွေပဲ။ ရေခိုးရေငွေ့ အစုအဝေးပဲ၊ ဒီလောက်ပဲ။

အန်နာက ငရုတ်သီး မစား၊ ကျနော်က ရခိုင်သား။ အန်နာ့ မှာ ရေမွှေး မရှိ၊ ကျနော့်မှာ branded ရေမွှေးချည်း ရှစ်ပုလင်း တိတိရှိ။ အန်နာက ဆံပင်တိုတိုညှပ်ထား၊ ကျနော်က ဆံပင်ရှည်ကို စည်းမိထား။ အန်နာက စီးကရက်သမား၊ ကျနော်က ဗီဂေဝါ။ အန်နာ က ကဗျာတွေဖတ်၊ ကျနော်က စာရင်းတွေတွက်။

အန်နာ့မှာ ဖိနပ်တွေက လွဲရင် ကျန်တာ သိပ်များများ မရှိလှ ဘူး။ ဖိနပ်တွေကတော့ အသေစုတဲ့ ကလေးမ။ အထူးသဖြင့် Sneakerတွေ။ သူ့ဖိနပ်တွေကို ဖိနပ်ထည့်တဲ့ ကော်ပုံးအကြည်လေးတွေနဲ့ သေသေ သပ်သပ်ထည့်ပြီး ထပ်စီထားတတ်တယ်။ ကျနော်က သူ့ဖိနပ်တွေမှာ တချို့ဟာတွေဆို ဆင်တူလိုမျိုးကို ဖြစ်နေတတ်လို့ နင့်ဖိနပ်တွေက ဘာမှလည်း သိပ်မကွာပါလားလို့ ပြောတော့ ငါ့အကြိုက်က မပြောင်းလဲ လှလို့ပေါ့လို့ သူ ပြန်ပြောဖူးတယ်။

ဒီလောက် မတူကြပေမဲ့ ကျနော်တို့က အေးဆေးပဲ။ ရန်ဖြစ် ပြီး လုယက်နေစရာ ဘာညာလည်း ဘာမှမရှိဘူးလေ။ ဘယ်လောက် အထိ ကျနော်တို့က အေးဆေးကြသလဲ ဆိုရင် တခြားတစ်ယောက်နဲ့ အတူနေရလို့ စိတ်အနှောင့်အယှက် ဖြစ်လေမလား ဘာညာအထိမတွေးမိလောက်အောင်ကို ကျနော်နဲ့ အန်နာဟာ တသားတည်း။ ဆောရီး အန်နာဟာကျနော့်အတွက် တစ်သားတည်း ဖြစ်နေတာ မျိုးပေါ့။ သူ့ခံစားချက်တော့ ကျနော် မမေးဖူးခဲ့ဘူးကိုး။

အန်နာဟာ ကျနော့်ဆံပင်တွေကို လျှော်ပေး၊ ပြီးကျရင် စိတ်ရှည်လက်ရှည် ဖြီးပေးတတ်တယ်။ ပခုံးကျော်ကျော်လောက်မှာ အမြဲပုံကျကျ ရှိနေဖို့ကိုလည်း ဂရုတစိုက် ညှပ်ပေးတတ်တယ်။ အန်နာ ဟာ ငရုတ်သီး မစားပေမယ့် ကျနော့်အတွက် ငါးငရုတ်သီးချက်ကို သူ ကောင်းကောင်းကြီး ချက်ပေးတတ်တယ်။

အလုပ်ထဲ စိတ်ဖိစီးလာရင် အန်နာက ကျနော့်ပုခုံးတွေကို ညှစ်ဆုပ်ပြီး နှိပ်နယ်ပေးတတ်တယ်။ သူ့အသံ ရှရှကလေးနဲ့ မျက်စိမှိတ်ထားနော်... Relax ဆိုပြီး ကျနော့်ဆံပင်တွေ ကြားထဲကို လက်ချောင်းလေးတွေနဲ့ ဖွဖွ နှိပ်နယ်တဲ့အခါ တင်းကျပ်နေသမျှ စိတ် အစဉ်ကို ပြေလျှော့သွားစေတယ်။ အန်နာ့ရင်ခွင်ထဲမှာ မျက်လုံးတွေကို မှိတ်ပြီး အန်နာ့ရင်သားတွေကို ဖိညှစ်လိုက်တိုင်း၊ နမ်းရှုံ့လိုက်တိုင်း ကျွန်တော့်ကို ပြုံးပြီး ငါက နင့်အတွက် stress ball တဲ့။ ပြီးရင် ကျနော့်ခေါင်းတွေကို သူ့ရင်ထဲ ပွေ့ဖက်ပြီး ခပ်ဖွဖွလေး ရယ်နေ တတ်ပြန်တယ်။

ကျနော် မမေ့မလျော့ လုပ်ရတာဆိုလို့ ကျနော် အန်နာ့ အတွက် စီးကရက်ဘူးတွေကို သူ့ဆီသွားတိုင်း ဝယ်သွားပေးရတာပဲ ရှိတယ်။ အန်နာဟာ သူ ဘာလိုအပ်တယ်၊ ဘာလိုချင်တယ်၊ ဘာဖြစ်နေ တယ် ဘာဆိုဘာမှ ကျနော့်ကို ပူဆာလေ့မရှိဘူး။ ကြိုတင်ချိန်းဆိုပြီး ကျနော် လာလာ၊ သူ မရှိတုန်းပဲ ကျနော် ရောက်နေနေ အန်နာ ဟာ ကျနော့်ကိုတွေ့တိုင်း နွေးနွေးထွေးထွေး ပြုံးပြခဲ့တာချည်းပဲ။

ကျနော် လက်ထပ်တော့မယ့် အကြောင်းကို ပြောပြတော့ လည်း အန်နာက ပြုံးပြုံးလေးပဲ။ သူ့ထုံးစံအတိုင်း စီးကရက်တွေဖွာရင်း ငြိမ်ငြိမ်ကလေး နားထောင်တယ်။ ကျနော် လက်ထပ်မယ့် အမျိုး သမီးက ကျနော်တို့ အလုပ်နယ်ပယ်ဘက်ကပဲ။ ကျနော့်မိဘတွေ က အရွယ်ရလာတော့ လက်ထပ်ရမယ်၊ မျိုးဆက်ရှိရမယ် ဘာညာနဲ့ ပြောပြီး အမျိုးကောင်းသမီး သုံးလေးယောက်နဲ့ ဆုံလာပေးတဲ့ အထဲက သူ့ကို ရွေးဖြစ်ခဲ့တာ။

ကျနော်က ကိုယ် ဘာကြိုက်တတ်လဲ ဆိုတာကို သေသေ ချာချာ သိတယ်။ ကျနော့်အမျိုးသမီး ဖြစ်လာမယ့် ကောင်မလေးက သာမန်ပဲ။ ကျနော် စဉ်းစားသေးတယ်၊ အန်နာ့ကို ကျနော်နဲ့ လက်ထပ်မလားလို့ မေးဖို့။ ဒါပေမဲ့ ကျနော့်ကိုယ်ကျနော် အရင် မေးကြည့်တော့ ကျနော်ဟာ အန်နာ့ကို လက်မထပ်ချင်ဘူး။ ကျနော် လိုချင်တာဟာ အန်နာ့ဆီက စိတ်လက်ငြိမ်းချမ်းမှုတွေပဲ၊ မိသားစု မဟုတ်ဘူး။

အန်နာဟာ သူ ဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ကို ကျနော့် အတွက် လက်ဆောင်ရယ်လို့ ပေးလာတယ်။ ဒါဟာ သူနဲ့ အတူရှိဖူးတဲ့ နှစ်ကာလတွေအတွင်း ပထမဆုံးပေးဖူးတဲ့ ရုပ်ဝတ္ထုလက်ဆောင်ပဲ။

ပန်းချီကားတွေ အကြောင်းကို ကျနော် နားမလည်ပါဘူး။ နက်ပြာရောင်နဲ့ ခရမ်းပြာရောင်တွေ များများပါတဲ့ ရေဆေး ပန်းချီကား တစ်ချပ်ပါပဲ။ ပန်းချီကားထဲမှာ နောက်ကျောခိုင်းထားပြီး မျက်နှာ တစ်ခြမ်းစောင်းနဲ့ ဆံပင်ရှည်ရှည်နဲ့ အမျိုးသားလို့ ထင်ရတဲ့ မျက်နှာ တစ်ခု ပါတယ်။ ငါ့ပုံဆိုလည်း ငါ့ဓာတ်ပုံဖြစ်ဖြစ်၊ ငါ့ကိုဖြစ်ဖြစ် ကြည့်ဆွဲမှပေါ့လို့ ပြောတော့ အန်နာ ပြုံးပြီး ခေါင်းခါတယ်။ သူ့မူပိုင် နွေးထွေး လင်းမြနေတဲ့ အပြုံးပါပဲ။

※

အန်နာက ကျနော့်ကို သူ အသစ်ဝယ်လာတဲ့ sneaker ဖိနပ်ကလေး တရနပ်ပြတယ်။ လှတယ်...၊ ချစ်စရာလေးပါပဲ။ သူ့ အကြိုက်အတိုင်း အဖြူရောင်ကို အခြေခံထားတဲ့ ဒီဇိုင်းနဲ့ပဲပေါ့။

※

"နင် မင်္ဂလာမဆောင်ခင် ငါတို့ ခရီးတစ်ခုလောက် အတူသွား ရအောင်' ဆိုတာနဲ့ပဲ ကျနော်တို့ ဒီတောင်စခန်း မြို့ကလေးကို ရောက်လာခဲ့တာ။ ဒီနေရာကို အန်နာက သူ့ဟာသူ ရှာဖွေပြီး သူ့ဟာသူ ကားလက်မှတ်ဝယ်၊ ဘာညာ အရာရာကို သူ့ဟာသူ စီစဉ်လာခဲ့တာ။ ကျနော်တို့ တည်းရတဲ့ သစ်လုံးဘန်ဂလိုလေးကနေ သိပ်မဝေးတဲ့ နေရာမှာ ချောက်ကမ်းပါးစွန်း တစ်ခုရှိပြီး အဲဒီကနေ မနက်ခင်း တိမ်ပင် လယ်တစ်ခုကို View point လို မြင်ရတယ်။

သူ အသစ်ဝယ်ထားတဲ့ ဖိနပ်ကလေးကို စီးလို့ ကျနော်တို့ ထရက်ကင်တွေ လျှောက်တယ်၊ တောင်ပေါ်တွေ တက်တယ်၊ နေကြာ ရိုင်းတွေ ကြားထဲ သူက ပန်းချီဆွဲတယ်။ အရက်အတူ သောက်တယ်၊ အရူးအမူး လိင်ဆက်ဆံတယ်။ ငါ နင့်ဆီကို နောက်ဆို မရောက်ဖြစ် တော့ရင် နင့်ကိုယ်နင် ဂရုစိုက်နော်လို့ ကျနော်က မှာတော့ အန်နာ ဟာ စောက်ဂရုမစိုက်ဘူး။ အဲဒီအချိန်မှာ ကျနော့်လည်ပင်းကို မာကင်ရာတွေ ပေးဖို့ပဲ သူ အလုပ်ရှုပ်နေခဲ့တယ်။

အန်နာဟာ အိပ်ရာခင်း ဖြူဖြူပေါ်မှာ သူ့ခြေထောက် နှစ် ချောင်းကို ထောင်လျက်သား ချိတ်ထားပြီး ဝတ်လစ်စားလစ်နဲ့ စီးကရက်သောက်နေခဲ့တယ်။ လိင်ဆက်ဆံပြီးတိုင်း သူ့မှာ အသက်ရှူဖို့ အောက်ဆီဂျင်ကို လိုအပ်နေသူလိုမျိုး Cigarette after sex ဆိုပြီး စီးကရက်ကို ချက်ခြင်း ထဖွာတတ်တယ်။

စစ်သူကြီးတွေဟာ သူ့ခံတပ်ကို သူစစ်ရှုံးမှ၊ ဒါမှမဟုတ် သူ သေသွားမှ စွန့်ခွာတတ်ကြတာလို့ ကျနော့်ကို စီးကရက်တွေ ဖွာနေ ရင်းက လှမ်းပြောတယ်။

အန်နာဟာ ခပ်ကြောင်ကြောင်ပဲ ..။

※

ချောက်ကမ်းပါးစွန်းမှာ စီစီရီရီကလေး ချွတ်ပြီး ချန်ထားခဲ့တဲ့ ဖိနပ်နှစ်ဖက်ဟာ သူ့ခံတပ်ကို အန်နာက စွန့်ခွာခဲ့ပြီ ဖြစ်ကြောင်းကို ပြောပြနေခဲ့ပါတယ်။

※※※

The Steak

အခုလေးတင်ပဲ ကျမယောက်ျားကို ကျမ သတ်ပစ်လိုက်တယ်။ သူဟာ ဟင်းရည်ခွက်ထဲကို မျက်နှာကြီးစိုက်လို့ ပြန်ထ မလာတော့ဘူး။

ဘာကြောင့်မှတော့ ထွေထွေထူးထူး မဟုတ်ဘူး။ သူ့စက်ရုံက ဖိုမင် မယားငယ် ယူထားတာကို ဟာသလုပ်နေတဲ့ အကြောင်းရယ်၊ ကျမ ချက်တဲ့ ဟင်းက ငန်နေတဲ့ အကြောင်းရယ်၊ သူ့မှာ ခြေအိတ်တွေ ကုန်ခါနီးနေလို့ ထပ်ဝယ်ဖို့ရယ်၊ ကျမကို ဆားဆိုတာ ဒီလောက်အထိသုံးဖို့ မလိုတဲ့ အကြောင်းရယ်၊ မိလာတွင်းကို ဆေးပြားထည့်ဖို့ ကိစ္စ ရယ်၊ အငန်စားတာဟာ သွေးတိုးတတ်လို့ ဟင်းကို ပေါ့ပေါ့ချက်သင့် တယ် ဆိုတဲ့ အကြောင်းတွေကို တရစပ် ပြောနေခဲ့လို့ပဲ။

ကျမ ချက်တဲ့ဟင်းကို သိပ်ငန်တယ် ဆားများတယ် ပြော ပြောပြီး ဟင်းထဲက အသားတွေ အနှစ်တွေကို သူ့ပန်းကန်ထဲ ဆယ်ယူ ပြီး အဆက်မပြတ် ပါးစပ်ထဲကို ထိုးသွင်း စားသောက်နေခဲ့တာ။ ဟင်း အဆီတွေဟာ သူ့နှုတ်ခမ်းမှာ ပေကျံလို့။ အသားကို ဖွဲ့ကိုက်လိုက်လို့ ကျလာတဲ့ ဟင်းအနှစ်ရည်တွေဟာ သူ့မေးစေ့မှာ အကြောင်းလိုက်။

အပြင်မှာ ရာသီဥတုက သိပ်ပူတာပဲ။ ည ခုနှစ်နာရီ ဆိုပေမယ့် တစ်နေကုန် ပူခဲ့တဲ့ အပူရှိန်ကြီးက တရှိန်ရှိန် ကျန်နေတုန်းပဲ။ သူလည်း စိတ်ဝင်စားတာ မဟုတ်ဘဲ ဖွင့်ထားခဲ့တဲ့ တီဗွီသံက တော်တော့်ကို ဆူ တယ်။ ကျမတို့ တိုက်ခန်းရဲ့ ထမင်းစားခန်း ကျဉ်းကျဉ်းလုံလုံထဲမှာ တီဗွီက အသံတွေက တဝူးဝူးနဲ့ ပဲ့တင်ထပ်ပြီး မြည်နေခဲ့တာ။

သူ သိပ်ကြိုက်လို့ ဈေးကြီးပေးဝယ်ပြီး တပ်ထားခဲ့တဲ့ မျက်နှာကျက်က ရှေးဟောင်း မီးဆိုင်းပန်ကာက တအီအီ လည်နေ ပေမယ့် လေမလာဘူး။ ဒါမှမဟုတ်လည်း ပူနွေးလေးလံနေတဲ့ လေထု ကို သူ့အင်အားနဲ့ မဖယ်ထုတ်နိုင်ဘူးပဲ ဖြစ်ရမယ်။ ဒလက်တွေ လည်နေပုံက ငြီးငွေ့စိတ်ပျက်ပြီး သနားစရာ ကောင်းလွန်း နေတယ်။

သူ မရှိတော့ပေမယ့် ဆူနေတဲ့ တီဗွီကို ကျမ မပိတ်ထားမိသေးဘူး။ စားပွဲအံဆွဲထဲမှာ ဖွက်ထားတဲ့ စီးကရက်ဘူးကို ယူထုတ် လိုက်တယ်။ သူ မရှိတော့လို့ ကျမသောက်ရဲတာ၊ မဟုတ်ရင် ကျမ ဆီက သူ ယူသောက်လိမ့်မယ်။ သူ့ဟာသူဆို အပေါ်စား စီးကရက်ပဲ သောက်တတ်သလောက် ကျမ ဆေးလိပ်တွေ ဆိုရင် မညှာမတာ ယူယူသောက်လွန်းတယ်။

စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် ကုန်လို့ အခန်းထဲမှာ မီးခိုးတွေ

လိုက်လျောင်ပိန်းပိတ်လာတယ်။

ခုနတုန်းက ကျမ သူ့ခေါင်းကို ရေခဲထားတဲ့ ရေသန့်ဘူးနဲ့ ရိုက်ပစ်လိုက်တာ။ သူက ရေခဲရေကိုမှ သောက်မယ်ဆိုလို့ နေ့တိုင်း မပျက်မကွက် ရေသန့်တွေ ပြန်ပြန်ထည့်ပြီး ခဲထားရတဲ့ ဘူးနဲ့ပေါ့။ ဘူးထဲမှာ ရေတွေဟာ ခဲကျစ်ပြီး မာကျောနေခဲ့တာ။

ကျမ အင်အားဘယ်လောက် သုံးလိုက်မိတယ် မသိဘူး။ တစ်ချက်တည်းနဲ့ နောက်ကနေ ရိုက်ပစ်လိုက်ပြီးကတည်းက သူဟာ ဟင်း ရည်ခွက်ထဲကို ခေါင်းစိုက်သွားခဲ့ပြီး လုံးဝကို ပြန်ထမလာ တော့တာပဲ။

ရေခဲရေဘူးခွံဟာ ကွဲထွက်သွားခဲ့တယ် ထင်တယ်။ ရေခဲတွေအရည်ပျော်တော့ ကြမ်းပြင်တွေ စိုရွှဲပြီး ရေတွေ လျှော့ကျသွားတာကို တွေ့ရတယ်။ ဘူးခွံမှာလည်း သူ့ခေါင်းခွံကလားတော့ မသိဘူး။ ဖြူနီနီ အစအနတွေ၊ အင်း... လူသတ်ရတယ် ဆိုတာ နည်းနည်းတော့ အော်ဂလီ ဆန်စရာ ကောင်းတာပဲ။ ထမင်းစား စားပွဲခင်းကတော့ သွေ့သွေးတွေ ရယ်၊ ဟင်းပန်းကန်ထဲက အရည်အနှစ်တွေရယ်နဲ့ အဖတ်ဆယ် မရအောင် ပေကျံစွန်းထင်း ညစ်ပတ်သွားခဲ့ပြီ။

အခန်းကို ရှင်းရမယ်။ အရမ်းလင်းနေတာတွေကို သူ မကြိုက်လို့ ဆိုပြီး ကာထားတဲ့ ခန်းဆီးစ ထူထူတွေက အစ ဖယ်ရမယ်။ ကျမ သဘောကျတဲ့ ပစ္စည်းအသစ်အဆန်းလေးတွေနဲ့ အလှဆင်ရ မယ်။ ဒီ စောက်သုံးမကျတဲ့ ရှေးဟောင်းပန်ကာ စောက်စုတ်အစား အဲကွန်းကောင်းကောင်း တစ်လုံး တပ်ပစ်မယ်။

အခုလောလောဆယ်တော့ ကျမ ဗိုက်ဆာတယ် ဆာတာမှ အရမ်းပဲ။ ချက်ထားတဲ့ ဟင်းတွေဟာ ဟိုလူ့အကြိုက်တွေ၊ ကျမ ကတော့ ဘာတစ်ခုမှကို မထိချင်ဘူး၊ အခု ကျမ စားချင်နေတာက Steak...

ဝက်လိုင်းသားတို့ အမဲလိုင်းသားတို့ဟာ နူးညံ့လွန်းလို့ Steak လုပ်စား ရင် ပိုပြီး စားကောင်းသတဲ့။ ကျမကို ကျောပေးပြီး ဟင်းရည် ခွက်ထဲ ခေါင်းစိုက်နေခဲ့တဲ့သူ ဆိုရင်ရော စားလို့ ကောင်းပါ့မလား။

※

ဟုတ်တယ်... ကျမ ဟင်းတွေချက်ရင် သိပ်ငန်တယ် ဆိုတာကို သေသွားတဲ့ ကျမယောက်ျား ပြောခဲ့တာ မှန်တယ်။ လိုင်းသားကင်ဟာ ကျမ ထင်ထားတာထက် ပိုပြီး ငန်ကျိနေခဲ့တယ်။

※※※

အခန်းနံပါတ် ၆၀၆

ကျနော် ဒီမိန်းမကို စောင့်ကြည့်နေခဲ့တာ ကြာပြီ။ ကြာဆို ဒီနေရာကို သူ ပြောင်းလာပြီးကတည်းကပဲ။ ဒီနေရာက ပုံမှန် အားဖြင့်ဆိုရင် ကျနော်နဲ့ တစ်ခါတလေ ရောက်လာလေ့ရှိတဲ့ ဧည့်သည် အနည်းငယ်ပဲ။ သူတို့လည်း သူတို့ဘာသာနေ၊ ကျနော်လည်း ကျနော့် ဘာသာနေ။ တစ်ခါတလေတော့လည်း ကျနော့်နေထိုင်မှုကို သူတို့ သိရှိသွားပြီးရင် သူတို့ဘာသာ ကြောက်လန့်ထွက်ပြေး..။ ပြီးရင် ဒီနေရာက သရဲခြောက်တယ်ဆိုပြီး အသံတွေ ထွက်လာခဲ့တော့တာပေါ့။

ဒီဟိုတယ်ကို ကျနော့် အဖေ ပိုင်ခဲ့တာ။ အဲ...အခုတော့ မိုတယ် ကလေး ဖြစ်သွားပြီ။ ကျနော် မရှိတော့လို့ အနီးစပ်ဆုံး ဆွေမျိုးအဖြစ်နဲ့ ရလိုက်တဲ့ ကျနော့်ညီမနှစ်ဝမ်းကွဲက အဖေဆုံးတော့ ဒီနေရာရဲ့ ပိုင်ရှင် ဖြစ်လာတာ။ ကျနော် အဖေ့ကို မျှော်ခဲ့သေးတယ်။ ကျနော်နဲ့များ လာဆုံ လိမ့်မလား ဆိုပြီးတော့ပေါ့။ ဒါပေမယ့် အဖေ ရောက်မလာခဲ့ဘူး။ သူ့လမ်း သူ ဆက်ပြီး လျှောက်သွားခဲ့တဲ့ပုံပဲ။

ကျနော်က အဖေမဆုံးခင် နှစ်ပေါင်းနှစ်ဆယ်လောက် ကတည်းက ဒီနေရာ ဒီအခန်းမှာ ရှိနေခဲ့တာ။ အဖေက ကျနော် ရှိနေ ခဲ့တာကို ခံစားမိပုံတော့ မရပါဘူး။ ကျနော်ကလည်း အဖေသိအောင် တကူးတက မဖော်ပြဖြစ်ဘူး။ ဒါပေမယ့် ကျနော် ရှိနေကြောင်း သိသွား တဲ့ တချို့လူတွေကြောင့် အဖေလည်း သိသွားတယ်။ လူတွေ သိသွား တော့ အဖေ့စီးပွားရေး ထိခိုက်တာပေါ့။ ဒီအတွက်တော့ ကျနော် စိတ်မ ကောင်းဘူး။ အဲဒီနောက် အဖေက ကျနော် ရှိနေတယ်ဆိုတဲ့ ဒီအခန်းကို အသေပိတ်ထားခဲ့တယ်။

ကျနော့်ညီမဝမ်းကွဲက ဒီနေရာကို မိုတယ်အဖြစ် ပြောင်းလဲ ပစ်လိုက်တယ်။ ကျနော် ရှိနေတဲ့ အခန်းကိုလည်း ပြန်ဖွင့်ပြီး ပြင်ဆင် ပစ်လိုက်တယ်။ ဘာဖြစ်လို့လဲတော့ မသိဘူးပေါ့လေ။ အများအားဖြင့် ဒီကို လာနေတဲ့သူတွေက ခဏတဖြုတ်ပါပဲ။ ကျနော်လည်း အရင်ထက် တောင် ပိုပြီး တိတ်တိတ်ဆိတ်ဆိတ် နေထိုင်ဖြစ်ပါသေးတယ်။

ဒီမိန်းမ ဒီအခန်းကို ရောက်လာတော့ သူများတွေလို ခဏ တဖြုတ် မဟုတ်ဘူး။ ကာလရှည် တည်းခိုနေထိုင်မယ့်ပုံမျိုး။ ရောက်လာ ကတည်းက အခန်းကို သူ့အိမ်က အိပ်ခန်းတစ်ခုလို သူ့စိတ်သဘောကျ ပစ္စည်းတွေနဲ့ အစားထိုး ပြင်ဆင်ခဲ့တယ်။ အခန်းထဲမှာ ဖိနပ်စင်တွေ၊ ဖြုတ်ပြီးရွှေ့ပြောင်းလို့ရတဲ့ အဝတ်ဗီရိုတွေ၊ မှန်တင်ခုံတွေ စသဖြင့် ရောက်လာခဲ့တယ်။ ပြီးတော့ အမျိုးသားတွေ။

မဟုတ်ဘူး။ သူက ပြည့်တန်ဆာ မဟုတ်ဘူး။ ကျနော် သူ့ကို ဘာလို့ နာမည်တပ်ရမယ် မသိဘူး။ သူက အလုပ်လုပ်တယ်၊ သွားစရာ ရှိတာ သွား။ ကျန်တာ ဘာညာဟာ သာမန်လိုပါပဲ။ သူ့ရဲ့ ကိုယ်ပိုင်အချိန် တွေကို အများအားဖြင့် စီးကရက်ဖွာလိုက်၊ အရက်သောက်လိုက်၊ အမျိုးသားတစ်ယောက်ယောက်နဲ့ အိပ်လိုက်နဲ့ပဲ ကုန်ဆုံးခဲ့တာ။ စီးက ရက်ကို တစ်လိပ်ပြီး တစ်လိပ် ရှိုက်ဖွာပစ်လိုက်သလို သူ့နံဘေးမှာ လည်း အမျိုးသားတွေဟာ တစ်ယောက်ပြီး တစ်ယောက်။

ကျနော် သိတာ တစ်ခုပဲ ...၊ အဲဒီထဲက ဘယ်အမျိုးသားကိုမှ သူ မချစ်ဘူး၊ မချစ်နေခဲ့ဘူး။

အဲဒီမိန်းမဟာ တစ်ရက်မှာ အမျိုးသားတစ်ယောက်ရဲ့ လက်မောင်းတွေ ကြားထဲကနေ ကျနော့်ကို ပထမဆုံး မြင်သွားခဲ့ တယ်။

သူနဲ့အတူ အိပ်နေတဲ့၊ သူက ကိုကိုလို့ ခေါ်တဲ့ အမျိုးသားက သူ့ကို ပွေ့ဖက်ထားတဲ့လက်မောင်းတွေ ကြားကပေါ့။ အမျိုးသားက သူ့ကို စကားတွေ နူးနူးညံ့ညံ့ ပြောပြရင်း သူ့နားရွက်ဖျားလေးတွေကို ဖွဖွကလေး နမ်းရှုံ့နေခဲ့တယ်။

သူက အမျိုးသားရဲ့ ရင်ခွင်ထဲမှာ ဝတ်လစ်စားလစ်နဲ့ လဲလျောင်းနေရင်း မူနွဲ့တဲ့ ဟန်ပန်နဲ့ ပွတ်သီးပွတ်သပ် ချွဲနွဲ့နေခဲ့ပေမယ့် သူ့မျက်လုံးတွေကတော့ ထူးထူးခြားခြားကို စိမ်းလဲ့အေးစက်နေခဲ့ တယ်။ ဘယ်လို ချစ်ခြင်းမေတ္တာကိုမှ မခံစားနေမိပုံမျိုး။ အဲဒီနောက် ကျနော် ရှိနေခဲ့တာကို အဲဒီမိန်းမ ရုတ်တရက် သတိထားမိသွားတ

သူဟာ လန့်မသွားခဲ့ဘူး။ ကျနော့်ဆီကို စူးစမ်းတဲ့ အကြည့် တွေနဲ့ပဲ လှမ်းကြည့်နေခဲ့တယ်။ ကိုကိုလို့ ခေါ်တဲ့ အမျိုးသားဟာ သူ့ခန္ဓာ ကိုယ်ကို ပွတ်သပ်၊ သူနဲ့အတူ လိင်မှုကိစ္စတွေ စပ်ယှက်...။ သူကတော့ သူလုပ်စရာရှိတာတွေ လုပ်ရင်း ကျနော့်ဆီကို အကြည့်တချို့ ရောက်ရောက်လာခဲ့တာပဲ ရှိတယ်။

သူ့ကို ဖက်ပြီး ဟိုအမျိုးသား အိပ်ပျော်သွားတော့ သူက ထလာပြီး ထိုင်ခုံမှာ ထိုင်တယ်။ စီးကရက်ကို မီးညှိပြီး ဖွားရှိုက်တယ်။

ဝတ်လစ်စားလစ် သူ့ကိုယ်ပေါ်ကို ပိုးသားကိုယ်ရုံတစ်ထည် ကောက် ဝတ်တယ်။ ကျနော့်ကို လာထိုင်လေဆိုတဲ့ ပုံစံမျိုးနဲ့ လွတ်နေတဲ့ တခြား ခုံကို ပုတ်ပြတယ်။

ကျနော် ဝင်မထိုင် ဖြစ်ခဲ့ဘူး။

သူနဲ့ ကျနော် ဒီလိုပဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေပုံမျိုးနဲ့ နေကြ တယ်။

ကျနော် ရှိနေတာကို သူသိ၊ သူ ရှိနေတာကို ကျနော်က အသိအမှတ်ပြုပေါ့၊ ဒီသဘောလောက်ပဲ။

တစ်ခါတစ်ခါကျ အဲဒီမိန်းမက ကျနော့်ကို စကားပြောတယ်။ သူ တစ်ယောက်တည်း ထိတ်လန့် ကြောက်ရွံ့နေတယ်လို့ သူ့ကိုယ်သူ ခံစားရတဲ့အခါမျိုးတွေပေါ့။ အဲဒီအခါ သူက အခန်းထဲက အကျဉ်းဆုံး ထောင့်နေရာကလေးမှာ သူ့ဒူးနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ ပြန်ပွေ့ ပိုက်ပြီး မျက်ရည်မကျဘဲ ကျုံ့ကျုံ့ကလေးထိုင်လို့၊ စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် ဖွာလို့ အချိန်တွေ အကြာကြီး ထိုင်နေခဲ့ တတ်တယ်။

ခုတလော သူ ထိုင်နေကျ နေရာလေးမှာ မကြာခဏ သူ လာလာထိုင်တယ်။ လာနေကျ အမျိုးသားတွေကြားမှာ တစ်ယောက်ပြီး တစ်ယောက် အပြောင်းအလဲက ပိုပြီး မြန်လာတယ်။ ကိုကိုလို့ ခေါ်တဲ့ အမျိုးသားဆီက ဖုန်းတွေကို သူ လက်မခံတော့ဘူး။ အခန်းထဲက အပြင် ထွက်တဲ့အချိန်၊ စားတဲ့အချိန်တွေ သူ နည်းလာတယ်။ ပြီးတော့ ထူးထူးဆန်းဆန်း ဘယ်သူ့ကိုမှ သူ လက်ခံမတွေ့တော့ဘူး။

အဲဒီမိန်းမက ဘရိတ်ဓား တစ်ပါကင် ဝယ်လာပြီး သူ့လက်ဖျံ တွေကို ဓားနဲ့လှီးချဖို့ သူ အကြိမ်ကြိမ် ကြိုးစားတယ်။ သူ မလုပ်နိုင်ခဲ့ဘူး။ သူ့လက်ဖျံတွေကို ဓားသွားတွေနဲ့ ခြစ်ပြီး ဒဏ်ရာတွေ လုပ်ယူတယ်။ စီးကျလာတဲ့ သွေးစက်တွေကို မက်မက်စက်စက် ကြည့်ပြီး ဟက်ဟက် ပက်ပက် ရယ်တယ်။

သူ ဆေးပြားလေးတွေ အများကြီးပါတဲ့ ဘူးတစ်ခုကို ဝယ်လာ ပြန်တယ်။ ပြီးတော့ ဆေးတွေကို ထုတ်လိုက် ပြန်ထည့်လိုက်...။

ကြိုးခွေတစ်ခု ဝယ်လာတယ်။ ယက်မ မရှိတဲ့ မိုတယ်ခန်း အမိုးကို အကြာကြီး စိုက်ငေးနေပြီး ကြိုးကို လွှင့်ပစ်လိုက်တယ်။

တစ်ရက်ကျတော့ သူ ကျနော့်ကို စကားတွေ ပြောတယ်။ ကျနော် မကြားရဘူး။ ကျနော်က သူ့ကို၊ သူတို့ကို မြင်ရရုံ မြင်နေခဲ့တာ။ ကျနော် သူ့ကို ငြိမ်ငြိမ်လေးပဲ ပြန်ငေးကြည့်နေခဲ့တယ်။ သူ ငိုတယ်၊ ကျနော် ငေးကြည့်နေခဲ့တယ်။ သူ ပြုံးပြတယ်၊ ကျနော် ငေးကြည့်နေ ခဲ့တယ်။ ကျနော့်ကို သူ့ဘေးက နေရာလွတ်ကို ပုတ်ပြတယ်၊ ကျနော် ဝင်မထိုင်ဖြစ်ခဲ့ပြန်ဘူး။

ဒီနေ့တော့ သူဟာ အိပ်ပျော်နေရာကနေ အလန့်တကြား ခုန်ထလာခဲ့တယ်။ ပြတင်းပေါက်ဆီကို ပြေးသွားပြီး အပြင်ကို ကြည့်တယ်။ ကျနော် ကြည့်လိုက်တော့ အပြင်မှာ မီးတွေ၊ ပြီးတော့ ရုတ်ရုတ် သဲသဲ ပြေးလွှားနေတဲ့သူတွေ။ မီးတွေက သိပ်များပြီး နီးကပ်နေပြီ။ အဲဒီမိန်းမဟာ သူ့ပိုက်ဆံအိတ်ကို ပြေးဆွဲတယ်၊ စာရွက်စာတမ်းတွေ ထည့်တယ်၊ အပေါ်ဆုံးက တွေ့ရတဲ့ အဝတ်အစားကို

အလျှင်အမြန် ယူဝတ်တယ်၊ သူ့ဖုန်းကို ယူတယ်၊ အခန်းသော့ကို ယူတယ်၊ အခန်း တံခါး လက်ကိုင်ကို ဆွဲပြီးကာမှ အခန်းဝမှာ သူရပ်လိုက်တယ်။

သူ့ပုံက အခုမှ သူ့စိတ်နဲ့ သူ့ကိုယ် ပြန်ကပ်သွားသလိုမျိုး။ အခန်းသော့တွေကို ခတ်တယ်၊ အခန်းထဲကို ပြန်လျှောက်လာပြီး ကိုင်သွားတဲ့ ပိုက်ဆံအိတ်ကို စားပွဲပေါ် ပြန်တင်တယ်။ ဗီရိုထဲကနေ သူအကြိုက်ဆုံး ကြက်သွေးရောင် ပါးလျလျ ဂါဝန်ရှည်ကို ထုတ်ဝတ် တယ်။ နှုတ်ခမ်းနီ ဆိုးတယ်၊ မှန်ရှေ့မှာ သူ့ဆံပင်တွေကို ဖြီးပြီး ရေမွှေး ဆွတ်တယ်။

ရေခဲသေတ္တာထဲက ဝိုင်ပုလင်းကို ထုတ်ပြီး ဖန်ခွက်ထဲကို ထည့်တယ်။ သူ့မျက်နှာဟာ ထူးထူးခြားခြား ပြုံးမြလို့။ ဝိုင်ခွက်ကို မော့သောက်နေရင်း အဲဒီမိန်းမဟာ ထိုင်နေရာကနေ ပြန်ထပြီး သူ ဝယ်ပြီးမှ မသောက်ဖြစ်ခဲ့တဲ့ ဆေးဘူးကို ယူတယ်။ ဆေးလုံးလေးတွေ ကို သွန်ချပြီး ငါးလုံးတစ်စုစီ သူ စုနေတယ်။ သူ့ပုံစံဟာ အေးချမ်းငြိမ် သက်လွန်းတယ်။ ဆေးလုံးလေးတွေကို ရေတွက်ရင်း ရပ်ပြီး တံခါးကို လှမ်းကြည့်တယ်။ တံခါးပေါ်မှာ သူချိတ်ထားခဲ့တဲ့ Dream Catcher ကလေးက လှုပ်ယမ်းနေတယ်။ လူတွေဟာ အပြင်ဘက်ကနေ အခန်း တံခါးကို ထုနေကြပုံပဲ။

အဲဒီမိန်းမဟာ ကျနော့်ကို သူ့နှုတ်ခမ်းပေါ်မှာ လက်ညှိုးကလေးကို ကန့်လန့်ဖြတ်ပြီး မျက်လုံးတစ်ဖက် ကို မှိတ်ပြတယ်။ အပြင်က လူတွေဟာ အခန်းထဲမှာ လူမရှိနေဘူးလို့ ထင်သွားကြပုံပဲ။ သူတို့ ဟာ မီးလောင်တော့မယ့် အခန်းကို အလျှင်အမြန် စွန့်ခွာသွားကြတယ်။

အခန်းထဲကို လွတ်နေတဲ့ တံခါးအောက်ခြေ နေရာသေးသေး လေးကနေ မီးခိုးတွေ ဝင်လာတယ်။ အဲဒီမိန်းမဟာ ဆေးလုံးတွေနဲ့ အတူ ခွက်ထဲက နောက်ဆုံးလက်ကျန် ဝိုင်ကို မော့သောက်လိုက် တယ်။ ပြီးတော့ ခုတင်ပေါ်ကို သာသာလေး လှဲချပြီး ကျနော့်ကို သူ့ ဘေးက နေရာလွတ်ကို လက်ချောင်းတွေနဲ့ ပုတ်ပြတယ်။ ဒီတစ်ခါ တော့ ကျနော် သူ့ဘေးမှာ ဝင်ထိုင်လိုက်တယ်။

အဲဒီမိန်းမဟာ သူ့မျက်လုံးတွေကို ပိတ်လိုက်တယ်။

အခန်းဟာ မီးခိုးတွေ ပိုပိုပြီး ပြည့်ကျပ်မှောင်မိုက်လာတယ်။ ပြီးတော့ အဲ့ဒီမိန်းမရဲ့ အသက်ရှူသံတွေ ကလည်း တဖြည်း ဖြည်းနဲ့ ... တိုးတိတ်ပျောက်ရှ ...

※※※

အဲဒီအမျိုးသား

ဘာတစ်ခုမှ ရင်ခုန်ဖွယ်ရာ မကောင်း၊ ဘားထဲမှာ သီချင်း သံက ဆူညံနေတယ်။ ကျမနဲ့ ချိန်းထားတဲ့ အချိန်ထက် နောက်ကျနေ ပေမယ့် ဘာမှလုပ်စရာ မရှိနေတဲ့ ကျမအတွက် အချိန်တွေက အလကား ပိုနေတာပဲ မဟုတ်ဘူးလား။ Corona ထဲကို သံပုရာသီးလေး ညှစ်ချပြီး မှ ပြန်ထည့်လိုက်တဲ့အခါ ပုလင်းထဲမှာ အမြှုပ်ကလေးတွေ ပလုံစီ လာတယ်။

ဖုန်းကိုထုတ်ပြီး ပုလင်းကို ဓာတ်ပုံတစ်ပုံ၊ နှစ်ပုံ ရိုက်လိုက် တယ်။ ဘီယာပုလင်းကို မော့တယ်။ ကျမအတွက်တော့ Corana က ရေလိုပဲ။ ဒါပေမဲ့ အင်းစိန်ထောင်ထဲက ဆေးရုံက ဆင်းပြီး အပြင် ရောက်လာကတည်းက ဘာ medical check up မှ ပြန်မလုပ်ရသေး လို့ အပြင်းတွေ မသောက်ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ။ free flow ချပေးတဲ့ ပဲလုံးခြမ်းကြော်ကလေးတွေကို ဝါးနေတုန်းမှာပဲ သူ ရောက် လာတယ်။ သူ့ဆိုင်ကယ်လေး ရပ်လိုက်တာကို မှန်သားပြင်ကို ဖြတ်ပြီး ကျမ မြင်ရတယ်။

ရန်ကုန်ဆောင်းညတွေဟာ အအေးလှိုင်းဖြတ်လို့ အေးနေတဲ့ အတွက် သူက ရှပ်အကွက်ပေါ်မှာ ဟူဒီတစ်ထည်ကို ထပ်ဝတ်လာတယ်။ ဆိုင်ကယ်စီးလာလို့ သူ့ဆံပင်တွေက ခေါင်းပေါ်မှာ ရှုပ်ပွနေတယ်။ ကျမ က လက်တစ်ဖက်ကို မြှောက်ပြလိုက်တော့ ခုံမှာ လာဝင်ထိုင်တယ်။ ကျောပိုးအိတ်ကို ဘေးခုံပေါ် နေသားတကျ တင်ရင်း "ဆောရီး ကိုယ် နည်းနည်း နောက်ကျသွားတယ်"လို့ ကျမကို ပြောတယ်။

ကျမ ချိန်းတွေ့ဖူးသမျှ လူတွေထဲမှာ သူဟာ ဆွဲဆောင်မှု မရှိဆုံးပဲ။ အရပ်ခပ်ရှည်ရှည်၊ ဆံပင် မဆိုစလောက် ရှည်ရှည်...။ သူ့လက်ချောင်းလေးတွေက တဆိတ် ရှည်သွယ်လွန်းတယ်။

ကျမ ချိန်းတွေ့တဲ့လူ တော်တော်များများရဲ့ ဦးတည်ချက်က ကျမနဲ့ အိပ်ဖို့။ သူကတော့ အဲဒီလို မဟုတ်ခဲ့ဘူး။ ကျမလား ... ကျမက မကောင်းဆိုးဝါးမပဲဟာ။ ကျမအတွက် လူတစ်ယောက်နဲ့ အိပ်တာ၊ မအိပ်တာ ဘာမှ ဆန်းကြယ်လှတာ မဟုတ်ဘူး။ သူ့မတိုင်ခင် ညက အဆင်ပြေရာ ကြုံတဲ့ တစ်ယောက်နဲ့ သွားအိပ်ထားပေမယ့် အဲဒီ ကောင်ဆီကနေ ကျမ စိတ်ပျက်လက်ပျက်နဲ့ ပြန်လာခဲ့တာ။ သူ့ကို အဲဒီကိစ္စ ပြောပြတော့ သူက ရယ်တယ်။

ကျမ ဘယ်လောက်အထိ ဆိုးကြောင်း သူ သိတယ်။ ရောက် တတ်ရာရာ

စကားပြောကြရင်းနဲ့ ကျမ သူ့ကို တဖြေးဖြေး ပိုပြီး လိုချင် လာတယ်။ ငါ သူ့ကို ဒီည မရနိုင်ဘူးလား ဆိုတဲ့ အတွေး။ ဒီအချိန်မှာ ကျမ အမျိုးသားတွေကို စာနာမိလာတယ်။ စကားပြောကြည့်နေရင်း အတူအိပ်ချင်လာတဲ့ စော်ကို သိမ်းသွင်းဖို့ သူတို့ခေါင်းထဲမှာလည်း အတွေးတွေ ကျမလိုပဲ ပြေးလွှားနေကြမှာပဲ ဆိုပြီးတော့ပေါ့။

ကျမဆီမှာ ဘာဆွဲဆောင်မှုမှ မရှိဘူးဆိုတာ ကျမ သိတယ်။ ကျမ သိတဲ့ မိန်းမမာယာဆိုတာ တချို့ကို ကျမ စဉ်းစားကြည့်တယ်။ ဘယ်လို လုပ်ရမလဲလို့၊ ဟင့်အင်း ကျမ မလုပ်တတ်ဘူး။ နှုတ်ခမ်းစူပြီး မူတာတို့ ၊ မျက်လုံးလေးနဲ့ ဝေ့ကြည့်တာတို့.. ကျမ တမင်တကာကြီး မလုပ်တတ်ဘူး။ သူ့ဟာသူ ဖြစ်ရင်တော့ ဖြစ်သွားမှာပေါ့လေ။ အိမ်သာ ထဲက မှန်မှာ သွားကြည့်ပြီး လုပ်ကြည့်တာ ကျမကိုယ် ကျမ အန်ချင်လာလို့ တစ်ယောက်တည်း ရယ်နေရသေးတာရယ်။

အဲဒီအချိန်မှာ ကျမလုပ်နိုင်တာက ကျမဘက်က လက်ဖြန့် လိုက်လို့ မပေးချင် ပေးချင် ကမ်းပေးလာတဲ့ သူ့လက်ချောင်းတွေကို ဆော့ကစားနေဖို့ရယ်၊ အမြည်းဖတ်ကလေးတွေ တူနဲ့ ညှပ်ယူပြီး သူ့ကို ခွံ့ဖို့ရယ်။ ပထမဆုံးတစ်ခု ခွံ့ကျွေးတဲ့အခါ သူ့မျက်လုံးထဲက ဖြတ်သွား တဲ့ အရိပ်တွေကို ကျမဘာသာ ပြန်ကြည့်နေမိတယ်။ ရှက်ကိုးရှက် ကန်းနဲ့ မသိမသာကလေး နှုတ်ခမ်းတွန့်ရုံ ပြုံးသွားပြီးမှ ပါးစပ်ဟပေးတဲ့ အဲဒီအမျိုးသားဟာ သိပ်ချစ်စရာကောင်းတာပဲ။

"ရှင်ဟာလေ"လို့ မချင့်မရဲနဲ့ သူ့ပါးတွေကို ဆွဲညှစ်ပြီး သူ့နှုတ်ခမ်းပေါ် ဖွဖွကလေး ဖိနမ်းလိုက်ချင်စိတ် တွေ ကျမ စိတ်ထဲမှာ တဖွား ဖွားကို ပေါက်လာနေတော့တာ။ မပြောခဲ့ဖူးဘူးလား။ ကျမက စားစော် ကြီးပါလို့လေ... ဟာဟ။

သောက်ရင်းနဲ့ ကျမ ခေါင်းထဲ ရီဝေလာတယ်။ လူတွေဆိုတာ မူးရင် စိတ်ကြွသတဲ့။ ကျမ သူ့ကို မြူဆွယ်မိသလား၊ စကားနဲ့ ဖြစ်ဖြစ် အပြုအမူနဲ့ ဖြစ်ဖြစ်ပေါ့။ မသေချာဘူး။ ကျမ မှတ်မိတာက ကျမ အတွေး တချို့ ဝေဝါးနေတယ်။ ကျမ မှတ်မိတာ ကျမ သူ့မျက်လုံးတွေဆီကို မကြာခဏ မဆုံဆုံအောင် စိုက်ကြည့်မိတယ် ဆိုတာကိုပဲ။

သူက စကားပြောရင် ကျမကို မကြည့်ဘူး။ သူ့မျက်လုံးတွေကို တခြားတစ်နေရာကို ပို့လွှတ်ထားပြီး ပြောနေတတ်တယ်။ ကျမ လှုပ်ရှားနေတဲ့ သူ့နှုတ်ခမ်းလေးတွေကို ငေးကြည့်နေမိတယ်။ ကျမ ပြောမိတယ် ထင်တယ်။ ရှင့်ကို ကျမ ဒီည မြူဆွယ်လို့ မရတော့ဘူး လားလို့ မေးတော့ သူ ရယ်နေတယ်။

ထိုင်ရတာ ကြာလာတော့ ကျမတို့ ပိုက်ဆံရှင်းပြီး ပြန်ဖို့ ပြင်တယ်။ အမှန်ပြောရရင် အဲဒီအချိန်က ကျမ စိတ်လျှော့လိုက်ပြီ။ ကျမ သူ့ကို ရဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ပေါ့။ သူ ကျမကို ဟိုတယ်ကို လိုက်ပို့ဖို့ ပြင်တယ်။

သူ့ဆိုင်ကယ်နောက်ကနေ ထိုင်လိုက်တဲ့အခါ တိုးလာတဲ့ လေက အေးစက်လွန်းလို့ မျက်နှာကို သူ့ကျောပေါ် ငုံ့ဖွက် ထားမိတယ်။

သူ့ခါးကို တိုးကပ်ဖက်တွယ်ပြီး ကျမရင်သားတွေနဲ့ သူ့ကို ထိကပ်မြှူဆွယ်ကြည့်ဖို့လား၊ ကျမ အဲဒီလောက် အပေါစားဆန်တဲ့ အလုပ်တွေ မလုပ်ဘူး။ ဟာသပြောကြသလို မင်း ငါ့ခန္ဓာကိုယ်ကိုပဲ ရမယ်၊ ငါ့နှလုံးသားကိုတော့ မရစေရဘူး ဆိုသလိုပေါ့။ ကျမ လိုချင်တာ ဘာလဲ ဆိုတာကို ကျမ သိနေခဲ့တာပဲ။ ကျမက ထိတွေ့ပွတ်သပ်နေလို့ လိင်စိတ်ကြွလာပြီး ကျမနဲ့ နှစ်ပါးသွားတာကို လိုချင်တာ မဟုတ်ဘူး။ ကျမ ဘာမှ ဆန်းဆန်းပြားပြား လုပ်မပြလည်းဘဲ ကျမအပေါ် နှစ်လို သဘောကျပြီး အဆင့်တက်လာတာမျိုးကိုပဲ လိုချင်တာ။

အိတ်ကို ယူပြီး ဟိုတယ်ထဲ ဝင်တဲ့အခါ လိုက်ခဲ့ဦးမလား ဆိုတဲ့ စကားတစ်ခွန်းထက် ကျမ ဘာမှ မပြောခဲ့ဘူး။

ဒီလောက်ဆိုရင်ကွာ ယောက်ျားတစ်ယောက်ပဲ အလကား စားရဖို့ အထာနပ်ပါပြီ ဆိုတဲ့ အတွေးတွေ ရှင်တို့ ခေါင်းထဲမှာ ရှိရင် ဖယ်သာ ထားလိုက်။ သူက အဲဒီလို သာမန် မဟုတ်ခဲ့ဘူး။ အွန်လိုင်း ကနေ မကြာခဏ ကျမ သူနဲ့ တွေ့ဖို့ ကြိုးစားခဲ့သမျှတွေကိုတောင် တုံ့ပြန်ခဲ့ဖူးတာ မဟုတ်ဘူး။ ပြီးတော့ မိန်းမတစ်ယောက်နဲ့ ဟိုတယ် ထဲကို တွဲသွားတွဲလာ လုံးဝမလုပ်ဖူးတဲ့ ရှားပါးတဲ့ အမျိုးသား ဗာဂျင်ပဲ။

ကျမ အရမ်းကို ကံကောင်းခဲ့တယ်။

သူ့စိတ်ကူးက ကျမကို လိုက်ပို့မယ်၊ ကျမ အင်္ကျီလဲတာကို စောင့်ပြီးရင် ညထမင်းကြော် သွားထွက်စား ကြမယ်ဆိုတဲ့ စိတ်ကူးလေး ပဲ။ Reception ကောင်မလေးတွေဆီ ကျမ မှတ်ပုံတင် ပေးတော့ တောင် အကို့ဟာရောလို့ မေးလို့ အကိုက ပြန်မှာလို့ ကျမ ဖြေခဲ့သေးတာ။ အခန်းထဲရောက်တယ်၊ အဝတ်အစားအိတ်ကို ချတယ်။ အဲဒီနောက် ကျမ ဘာမှ လုပ်စရာ ရှိမနေတော့ဘူး။

သူကလည်း bell boy ဖွင့်ပေးသွားတဲ့ တီဗွီကို ထိုင်ကြည့်နေ တာက လွဲရင်ပေါ့။ အဲဒီအခြေအနေက သိပ်ကို ရယ်ချင်စရာ ကောင်းပြီး ခက်ခဲတယ်။ ကျမဟာ ကျမ ဘယ်လောက် လွတ်လပ်ပွင့်လင်းတဲ့ ဖီးမနစ်မကြီး ဖြစ်ဖြစ် ဆိတ်ကွယ်ရာ ဟိုတယ်အခန်းထဲ ရောက်ရင်တော့ ကျမဘက်က အရာရာကို စလိုက်ရမှာတော့ နည်းနည်း ကသိကအောင့် ဖြစ်တာပေါ့။

ကျမ လှမ်းပြီး ဆွဲယူလိုက်တဲ့ သူ့လက်ဖျားကလေးတွေက ပူနွေးပြီး တုန်နေတယ်။ ကျမ ပြောပါရေလား။ မြှူဆွယ်ရတဲ့ အလုပ်ကို ကျမ မလုပ်တတ်ဘူး ဆိုတဲ့ အကြောင်းကို။ ကျမ လုပ်တာဆိုလို့ သူ့ မျက်လုံးတွေကို ငေးစိုက်ကြည့်မိတာ

တစ်ခုပဲ။ သူ့လည်ပင်းကို လက် နှစ်ဖက်နဲ့ ခိုယှက်ပြီး သူ့နှုတ်ခမ်းကို ခြေဖျားထောက်ပြီး ထိတွေ့တဲ့အခါ တဒိန်းဒိန်း ခုန်နေတဲ့ သူ့ရင်ခုန်သံကို အတိုင်းသား ကြားနေရတယ်။ ဘယ်လို ပြန်တုံ့ပြန်ရမယ်မှန်း သိပ်မသိတဲ့ သူ့နှုတ်ခမ်းတွေက ပူနွေးပြီး ခြောက်သွေ့နေခဲ့တယ်။

ရှင်တို့ သိလား…၊ ကျမ ပြောတဲ့ ကံကောင်းတယ် ဆိုတာ အဲဒီအမျိုးသားက ဗာဂျင် ဖြစ်နေလို့ ကံကောင်းမိတယ်လို့ ဆိုလိုတာ မဟုတ်ဘူး။ ကိုယ် သဘောကျတဲ့ အပျိုစင်ကောင်မလေးဟာ ကိုယ်နဲ့ ကျမှ အပျိုရည်ပျက်ရတဲ့အခါ ဒါမှ ငါ့ကောင်မလေးဆိုတဲ့ ဂုဏ်ယူရတဲ့ ခံစားချက်မျိုး၊ သတို့သားတစ်ယောက်ဟာ ကိုယ့်ကြောင့် ကောင်းနေတဲ့ သတို့သမီးလေးရဲ့ မျက်နှာကို တစိမ့်စိမ့်ငေးရင်း ရလာတဲ့ ပီတိမျိုးကို ကျမ ခံစားမိသွားတာကို ကံကောင်းတယ်လို့ ပြောတာ။ ပြောဖူးပါတယ် တခြားတယောက်က ကိုယ့်ကြောင့် Pleasure ရနေတာကို ကြည့်နေ ရတာကိုက ကျမအတွက် စိတ်အပန်းဖြေစရာပါလို့။

အမျိုးသားဗာဂျင်ချင်း အတူတူ ကျနော်ကတော့ အတွေ့ အကြုံ မရှိလို့ ခင်ဗျားနဲ့မှ အပီကြုံးမယ်လို့ ကြုံထားတဲ့ နသိုးကြိုးပြတ် ကောင်တွေလည်း တွေ့ဖူးတာပဲ။ သူကတော့ အဲဒီလို မဟုတ်ဘူး။

သူ့မျက်လုံးက အကြည့်တွေ၊ ခုန်လှုပ်နေတဲ့ သူ့ရင်ခုန်သံတွေ၊ သူ့ညည်းသံတွေ၊ ကျမ မျက်နှာကို ပင့်ယူပြီး မထိရဲ မနမ်းရဲသူလို ထိတွေ့ ပုံတွေ… အား အရာအားလုံးက အရမ်းသဘောကျစရာ ကောင်း တယ်။ အိပ်ချင်မူးတူး ဖြစ်နေတဲ့ ကျမကို တော့်တော့်ကို ညင်ညင် သာသာ ပွေ့ဖက်ထိကပ်ပြီး အစက ပြန်စဖို့ ကြိုးစားတတ်တာတွေ၊ ချမ်းတယ်လို့ ပြောရင် နွေးနေတဲ့ သူ့ကိုယ်လုံးနဲ့ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ခဲ့တာတွေကအစ သူ့အပေါ် အသေးစိတ် သတိတရ ရှိနေ ခဲ့တယ်။

ခုတင်ပေါ်က အကြောင်းအရာတွေကတော့ တကူးတက ရေးပြနေစရာ မလိုလောက်ပါဘူး။ သူကတော့ သူ့ကို ကျမ စိတ်ပျက် တယ်၊ သူ့ကြောင့် ကျမ အဆင်မပြေဘူးလို့ ထင်နေခဲ့ရှာတာ။ တကယ် ကလေ ကျမ သူ့ကို အရမ်းသဘောကျလို့ သူ့လည်ပင်းမှာ မာကင်ပေးပြီး ကျမ အပိုင်ပါဆိုတဲ့ အမှတ်အသားတောင် လုပ်ခဲ့ချင်တာ။ ဒါပေမဲ့ သူက လူလေးစားရတဲ့ အလုပ်အကိုင်နဲ့မို့ သူ တကူးတက ကွယ်ရဖုံး ရမယ့် ကိစ္စတွေကို ကျမ မလုပ်ဖြစ်ခဲ့ပါဘူး။

သူ့ရှေ့မှာ ပကတိ ကျမဟာ ဖုံးကွယ်မရဘဲ ပေါ်သွားခဲ့တယ်။ သူ့စိတ် အဖြူထည်ရဲ့ စိုးမိုးမှုကို ကျမ မတွန်းလှန်နိုင်ဘူး။ သူ့ရှေ့မှာပဲ ကျမ တင်းထားရသမျှ စိတ်အဆောက်အအုံဟာ ပြိုကျခဲ့တယ်။ သူ့ ရင်ခွင်ထဲမှာ ကျမငိုတယ် … အကြိမ်ကြိမ်၊

ရှိုက်ကြီးတငင်နဲ့ကိုပဲ။ သူက ကျမရဲ့ စိတ်ကို ခံစားစာနာနိုင်တဲ့သူပဲ။ ကိုယ့်ကြောင့် အပြော့မှာ နာကျင် ရတာမျိုးကို မလိုလားဘူးနော် တဲ့…။ ရုပ်ပိုင်းဆိုင်ရာ မဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မယ့်ကိစ္စမျိုးတွေ ကျမကို သူ မဖြစ်စေချင်ခဲ့ဘူး။

ဝင်လာပါ ခေါ်လို့မဖြစ်တဲ့ ဘဝ၊ ပြန်ပါကွာ နှင်မပစ်ရက်တဲ့ ခဏ ဆိုတဲ့ တင်ဇာမော် သီချင်းထဲက တွေဝေမှုမျိုးတွေနဲ့ သူ ရင်ဆိုင် ခဲ့ရမှာ အသေအချာပဲ။ ကျမ ကိုယ်တိုင်လည်း လှည့်ပြန်ရမလား၊ သူ့ဆီက ရတဲ့ အဲဒီနွေးထွေးမှုတွေကို အပိုင်သိမ်းပစ်ချင်တဲ့ လောဘစိတ်နဲ့ ရှေ့ဆက်တိုးရမလားလို့ မရေမရာရပ်တန့် နေမိတုန်း…

"ရှင်သိလား ယောက်ျားတွေက သူတို့ချစ်တဲ့သူတွေအပေါ် မကျူးလွန်ရတဲ့ ဖျော်ဖြေမှုကို ကျမဆီမှာ လာကျူးလွန်တတ်ကြတာ"လို့ ကျမက ပြောတော့ "သိနေရဲ့သားနဲ့ ဘာလို့ လျှောက်လုပ်နေတာလဲ"လို့ သူက ကျမကို ဆူတယ်။

သူ့ကို ကြည့်ရတာ ကျမအပေါ် ချစ်တယ်ဆိုတဲ့ စိတ် မရှိပေမယ့် သနားညှာတာစိတ်နဲ့ နူးညံ့တဲ့စိတ်၊ အားမလို အားမရစိတ်တွေ ရှိတဲ့ပုံပါပဲ။ သူ့ညီမအရင်းသာ ဆိုရင် နားရင်းနှစ်ချက်လောက်ဖြစ်ဖြစ် ရိုက်ပစ်ပြီး၊ တော်တော်ဆိုးတဲ့ ကလေးမပါလားလို့ သူကပဲ ဆူပူပြီး၊ အရာရာကို ရှေ့ကနေ ကာကွယ်ပေးမယ့် မေတ္တာစိတ်မျိုးကို သူ့ဆီမှာ တွေ့ရတယ်။

ကျမက မေတ္တာငတ်ခဲ့သူ မဟုတ်ပါဘဲ မေတ္တာတရားကို အမြဲ တမ်း ရှောင်ပြေးခဲ့တဲ့သူ။ ကျမအပေါ် နည်းနည်းကလေး နွေးထွေး လိုက်တာနဲ့ ငြိတွယ်တတ်လွန်းတဲ့ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ချည်နှောင်တတ်တဲ့သူမျိုး မဟုတ်လား။ ကျမ ခေါင်းကို ပုတ်ပြီး နူးနူး ညံ့ညံ့ကလေး စကားပြောတတ်တဲ့ သူဟာ လက်ကောက်ဝတ်ဆီ ကျမ မှာ ချည်နှောင်ထားချင်တဲ့ ဖဲကြိုးလေးတစ်ချောင်း ဖြစ်လာခဲ့တယ်။

ကျမ သူ့ကို ရခဲ့တယ်၊ ကျမ ရခဲ့တာ လူကို။ ကျမ သူ့စိတ်ကို ရော ရနိုင်လိမ့်မလား၊ လူပုံအလယ်မှာ ကျမရဲ့ ချစ်သူပါဆိုပြီး သူ့လက်ကို ဆွဲပြခွင့်ရနိုင် မလား။ သူ့ဆီက မေတ္တာတွေ၊ ကရုဏာတွေ၊ မက်မောမှု၊ ဝန်တိုမှုတွေ အရာအားလုံးကို ကျမ ရနိုင်မလား။ ကျမ ရယူကြည့် ရမလား။

ကျမသာ မဖြစ်မနေ ကြိုးစားကြည့်ရင် သူ့စိတ် အဆောက်အအုံထဲကို တစ်နေရာရာကနေတော့ ဝင်နိုင်ခဲ့လိမ့်မယ်လို့ ထင်တာပဲ။ ဒါပေမဲ့ စိတ်ဟာ အင်မတန် ဆန်းကြယ်တယ်၊ အဲဒီအမျိုးသားဟာ ကျမ ရယူဖို့၊ ရယူပစ်လိုက်ဖို့ ထိုက်တန်တဲ့သူလို့ ကျမ မတွေးထားခဲ့ဘူး။ ကျမ လိုချင်တာကို ရယူနိုင်ရမယ်လို့ အမြဲတမ်း တွေးတတ်ခဲ့တဲ့ ကျမ ဟာ သူ့အတွက်လို့ ထည့်တွေးတတ်လာတာကိုက သူ့အပေါ် ကျမ ဘယ်လောက်အထိ ကျရှုံးနေခဲ့သလဲ ဆိုတာကို ဖော်ပြနေတာပါပဲ။

ကျမတို့ ဇာတ်လမ်းဟာ ဒီနေရာမှာပဲ ပြီးဆုံးခဲ့ပါတယ်၊ ဒါမှ မဟုတ် ပြီးဆုံးပစ်လိုက်ရတယ်ပေါ့။ ကျမဟာ ဒါကျနော့်ရဲ့ ဘယ်သူပါ လို့ သိက္ခာရှိရှိ လက်ဆွဲနှုတ်ဆက်ပြနိုင်စရာ မိန်းမ မဟုတ်တဲ့အတွက် သူ့ဘေးနားမှာ တွယ်ကပ်မနေဖို့လမ်းကို ကျမ ရွေးချယ်ခဲ့တယ်။

သူ့ကို ကျမထက် လှလှ၊ တန်ဖိုးရှိရှိနဲ့ လူရောစိတ်ပါ ဂုဏ် သိက္ခာရှိပြီး ဖြူစင်တဲ့ မိန်းမတစ်ယောက်နဲ့ပဲ ဆုံစေချင်တယ်။

ကျမရဲ့ မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ပင့်ယူပြီး ကျမ ပါးကို ဖွဖွကလေးနမ်းရင်း သူက ပြောတယ်။ လူသစ်၊ စိတ်သစ်နဲ့ လှလှပပ ကျန်းကျန်းမာမာ ပြန်လာခဲ့တဲ့လေ။ ကျမ ပြန်လာခွင့် ရှိပါဦးတော့ မလား၊ ပြန်ရော ပြန်လာနိုင်ပါ့မလား ဆိုတာ ကျမ မသေချာပါဘူး။ ကျမက အမြဲတမ်း ကိုယ့်ချည်တိုင်ကို ဖျောက်ပစ်တတ်တဲ့ နွားမိုက်မ တစ်ကောင်ပဲဟာ...။

ချစ်ခင်ရတဲ့ အစ်ကိုတစ်ယောက်က ပြောတယ်။ “ပြောမက ဆိုးလိုက်တာ လိမ်လိမ်မာမာလည်း မနေဘူးတဲ့။ ဟုတ်တယ် ကျမ အရမ်းကို ဆိုးပါတယ်။ ဒါပေမဲ့ အဲဒီအမျိုးသားဆီကို ပြန်လာနိုင်ဖို့ ကျမ ကိုယ် ကျမ ဖြူစင်အောင် လျှော်ဖွပ်ရမယ်လား၊ ရယ်ရသားပဲနော်။ ကျမ ကို ကြိုနေပါ့မယ်လို့ ဘယ်တုန်းကမှ သူ ကတိမပေးခဲ့ဖူးပါဘဲနဲ့၊ ဘယ်တုန်းကမှ မပြောခဲ့ဖူးပါဘဲနဲ့လေ။

နောက်ဆုံးအနေနဲ့ သူ့အတွက် ကျမမှာ အမှာစကားတွေ ရှိနေခဲ့တယ်။ အတူရှိနေတုန်း အချိန်တွေမှာ မပြောနိုင်ခဲ့တဲ့ စကားတွေ ကို ကျမ အခုပြောမယ်။

ရှင်က ကျမအတွက် ဟိုးအချိန်တော်တော်ကြာက ဖတ်ခဲ့ဖူး တဲ့ ကဗျာလေးထဲက စာသားလို “ဖြစ်နိုင်ရင် ကိုယ်ချိတ်ဆွဲထားချင်တဲ့ လက်သန်းကလေးက မင်းပါပဲ... ပေါ့။

ဒါပေမဲ့ ရှင့်ကို ရန်သူမျိုးငါးပါးနဲ့ မဆုံစေချင်တာဟာ ကျမ ရှင့်အပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာ၊ ရှင့်ကို ကျမနဲ့ မဆုံစေချင်တော့တာ ဟာလည်း ကျမ ရှင့်အပေါ် ထားတဲ့ ချစ်ခြင်းမေတ္တာပါပဲ။ မချစ် မနှစ်သက်သောသူဟာလည်း ရန်သူမျိုး တစ်ပါးပဲ မဟုတ်လား။

※※※

တမြေ့မြေ့... လောင်

ဒီည မောင်လာမယ် ဆိုလို့ ကျမအခန်းကို သန့်ရှင်းရေး လုပ်ထားတယ်။ တကယ်ကတော့ မောင် ကျမဆီကို ရောက်မလာ တာ နည်းနည်း ကြာနေခဲ့ပြီ။ မပျက်မကွက် တစ်ပတ်တစ်ကြိမ် တွေ့နေ ကျကနေ မတွေ့ဖြစ်ကြတာ ကြာခဲ့ပေါ့။ အခုမှ မောင်က လာခဲ့မယ်တဲ့။

ယောက်ျားပီသလွန်းတဲ့ မောင်ဟာ အဲဒီလို လှလှပပ ပြင် ထားတာ ဘာဘာညာညာတွေကို သိပ်သိလှတာတော့ မဟုတ်ဘူးပေါ့။

ဒါပေမဲ့ ကျမကိုက အရာရာကို သန့်ရှင်းသပ်ရပ်နေစေချင်တာ၊ မောင့်မျက်လုံးထဲ ရှင်းသန့် လှပနေစေချင်တာ။ ရက်ပေါင်းများစွာ မတွေ့ရတဲ့သူကို မြင်လိုက်တာနဲ့ အေးချမ်းသာယာနေစေချင်တာ။

အခန်းသန့်ရှင်းရေးလုပ်ပြီး ရေခဲသေတ္တာထဲကို ဘီယာ ပုလင်းတွေ ဖြည့်တယ်။ အစားအသောက် ကတော့ မောင်က အပြင်ကပဲ စားလာမှာမို့ ကျမဘာမှ စီစဉ်စရာ မလိုဘူး။ မောင်က အလုပ်များ တဲ့သူ ဆိုတော့ ညကို တော်တော်ညဉ့်နက်မှ လာတတ်ပြီး မနက်ဆို စောစောထပြန်တတ်တယ်။

မောင် ရောက်လာဖို့ စောသေးပေမယ့် ကျမရေချိုးတယ်၊ အလှ နည်းနည်းပြင်တယ်။ မောင်လာတဲ့ အချိန်မှာ ကျမက အခုမှ ရေချိုး၊ အလှပြင်ပြီး ရေမွှေးနံ့ လတ်လတ်ဆတ်ဆတ်တွေနဲ့ မကြိုဆိုနေ ချင်ဘူး။ မောင်ဝယ်ပေးထားတဲ့ ရေမွှေးကို ဆွတ်တယ်၊ သာမန် ခပ် လတ်လတ် ဂါဝန်ကို ဝတ်တယ်။

မောင်ကြိုက်တဲ့ အမျိုးသမီး အဆိုတော် ဖြူဖြူကျော်သိန်းရဲ့ သီချင်းခွေကို ဖွင့်တယ်။

မောင်ရောက်လာတဲ့အခါ မောင့်စိတ်တွေ နူးညံ့ အေးချမ်းသွားအောင် ကျမအတတ်နိုင်ဆုံး စွမ်းဆောင်လို့ ပြီးပြီ။

ကျမနဲ့ မောင် တွဲလာခဲ့ကြတာ အခုဆို နှစ်နှစ်နီးပါး။ ကျမဆီကို ရောက်လာရတိုင်း မောင်ဟာ အတူအိပ်တယ်၊ မိုးလင်းရင် ပြန် တယ်။ ကျန်တဲ့အချိန်တွေမှာ messenger က conversation တွေက လွဲရင် ကျမတို့ဟာ ဘာမှ မဟုတ်ဘူး၊ ဘာဆို ဘာမှ မဟုတ်ဘူး။ မောင်ဟာလည်း သူ့ဘဝနဲ့သူ၊ ကျမကလည်း ကျမဘဝနဲ့ ကျမ။ ပြောရမယ်ဆိုရင် ကျမတို့က Silent တွဲနေခဲ့တာ။

တိတ်ဆိတ်တယ် ဆိုတဲ့ အနေအထားမှာ ကျမတို့ဟာ အရာ အားလုံးမှာ

တိတ်ဆိတ်ပစ်လိုက် ရတယ်လို့ ဆိုလိုတာပဲ။ နာကျင်မှုကို ဖြစ်စေ၊ ပျော်ရွှင်မှုကို ဖြစ်စေ ကျမအနေနဲ့ တိတ်တဆိတ်ပဲ လက်ခံ ရမယ်ဆိုတဲ့ အနေအထားပေါ့။ ကျမတိတ်တဆိတ်ပဲ နာကျင်ခွင့် ရှိမယ်၊ တိတ်တဆိတ်ပဲ ပျော်ရွှင်ခွင့် ရှိမယ်၊ တိတ်တဆိတ်ပဲ ပိုကြွေး နေခွင့် ရယ်မောနေခွင့်ပဲ ရှိမယ်။ ဘာကိုမှ ကျမတခြားသူတွေ သိအောင် ဖော်ပြခွင့် မရှိဘူး။

ပြီးခဲ့တဲ့ တစ်နှစ်အထိ ကျမဟာ ဒီဆက်ဆံရေးအပေါ်မှာ ဘာမှ မခံစားမိဘူး။ မောင် ကျမဆီ လာတယ်၊ အတူတူ အရက် သောက်တယ်၊ လိင်ဆက်ဆံတယ်။ ပြီးရင် မောင်က ကျမလက်မောင်း ပေါ် ခေါင်းအုံးလို့၊ ကျမမောင့်ခေါင်းကလေးကို ရင်ခွင်ထဲ ပွေ့လို့၊ တစ်ခါတစ်ခါလည်း မောင်ဟာ ကျမရင်သားတွေပေါ် မျက်နှာအပ် လို့၊ ကျမက မောင့်ဆံပင်လေးတွေကို ဖွလိုက်၊ မောင့် နဖူးကလေးကို နမ်းလိုက်၊ မောင့်ကျောပြင်လေးကို ပွတ်လိုက်၊ မောင် လူးလွန့်သွားရင် ပြန်ချော့သိပ်လိုက်နဲ့ ကျမက ကြင်နာငြိမ်းချမ်းမှုတွေကို မျှဝေသူဖြစ်ပြီး မောင်က လက်ခံယူသူပဲ။ အအိပ်ဆတ်တဲ့ မောင်ဟာ သူ့ဘေးကနေ ကျမထထွက်သွားရင် ချက်ခြင်းနိုးလာတတ်လို့ မောင် နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်နေချိန်တိုင်းမှာ ကျမဟာ မလှုပ်ရဲ မလှုပ်ရက် ခဲ့ဘူး။

ဒီအခြေအနေ အပေါ်မှာ မောင်လည်း ပျော်တယ်၊ ကျမလည်း ပျော်တယ်၊ ကျမတို့ အတူရှိရင်လည်း ပျော်တယ်။ ဒီလောက် ကလေးပဲ။

ဒီအခြေအနေတွေ ပျက်ယွင်းခဲ့ရတာက ကျမရဲ့ စိတ်ဖောက် ပြန်မှုတွေကြောင့်ပဲ။ ကျမဟာ မောင့်ကို အနားမှာ ရှိစေချင်စိတ်တွေ၊ ပိုင်ဆိုင်ချင်စိတ်တွေ ဖြစ်လာပြီးတဲ့နောက်မှာ ကျမရဲ့ ချစ်ခြင်းမေတ္တာ က မငြိမ်းချမ်းတော့ဘူး။ မောင်ဟာ သူ့အနေနဲ့ တခြားအမျိုးသမီး တစ်ယောက်နဲ့အတူ ကြိုက်တဲ့နေရာကို လွတ်လွတ်လပ်လပ် သွားခွင့် ရှိတယ် ဆိုတာကို ကျမသိသိရက်နဲ့ ညနက်နက်မှာ တက်လာတဲ့ မောင်ရဲ့ ဓာတ်ပုံတစ်ပုံပေါ်မှာ ကျမခံစားချက်တွေ ပွင့်ထွက်လာ ခဲ့တယ်။ ကျမဘယ်လိုမိန်းမဆိုတာ ကျမကိုယ်ကျမ လိမ်ညာထားမိတဲ့၊ ကျမကိုယ်ကျမဖုံးကွယ်ထားမိခဲ့တဲ့ ကျမရဲ့ တကယ့် အတွင်းစိတ် သဏ္ဍာန်တွေပေါ့။

အဲဒီဓာတ်ပုံထဲမှာ မောင်ဟာ လွတ်လွတ်လပ်လပ် ရယ်မော နေခဲ့ပြီး ဓာတ်ပုံကို ရိုက်ပေးခဲ့တဲ့ မိန်းကလေးဟာ မောင့်နောက်ကျော က မှန်ချပ်မှာ ဝေဝါးဝေဝါး အရိပ်ကလေး ပါလာခဲ့တယ်။ အမျိုးအမည် မသိတဲ့ ပူလောင်မှုဟာ ကျမရင်ဘတ်ထဲမှာ ဆောင့်ခနဲ၊ အဲဒီအချိန်ကစပြီး ကျမ ရင်ထဲမှာ မောင့်အကြောင်း တွေးတိုင်း မီးတွေ လောင်တော့ တာပဲ။ ကျမ သဝန်တိုလိုက်တာ မောင်ရယ်။

ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်သလဲ ဆိုတာတွေ မောင့်ကို မမေးရက်ခဲ့ဘဲ ဝမ်းနည်းပူလောင်မှုတွေ ကို ကျမတစ်ယောက်တည်း ကြိတ်မှိတ်မျိုချခဲ့ရတယ်။

မောင့်ပုံတွေမှာ Love react ပေးတတ်တဲ့ မိန်းကလေးတိုင်းရဲ့ Profile တွေဆီကို ရောက်လို့ ကျမဟာ ကျမနဲ့ မတူတော့သလိုပဲ။

အဲဒီနောက် ကျမ ဘာတစ်ခုမှ ထုတ်မပြောခဲ့ပေမယ့် မောင် ဟာ ကျမဆီကို အရင်ကထက် အရောက်အပေါက် နည်းလာတယ်။ ကျမ ဘယ်နည်းနဲ့ မောင့်ကို မြှူဆွယ်ရမလဲဟင်၊ တစ်ယောက်ကို တစ် ယောက် ချည်ထားတဲ့ကြိုးတွေ မရှိပါဘဲနဲ့၊ မရှိအောင် နေခဲ့ကြပြီးပါ ရက်နဲ့ ကျမ မောင့်ကို ဘယ်လိုကြိုးနဲ့ ဆွဲရမလဲ။ ကျမ နှလုံးသားနဲ့ အမောင့်စိတ်ဝိညာဉ်ကို ဘယ်လိုကြိုးနဲ့ မြဲအောင် နှောင်တည်းရမလဲ။ မျှော်လင့်ချက်တွေ များတဲ့ အချစ်ဆိုတာ ပူလောင်တယ်တဲ့။ ကျမ အနားမှာ မောင် ပျော်နေဖို့၊ မောင်ဟာ ကျမနဲ့ နေရင် လုံခြုံစိတ်ချမ်း သာရတယ်လို့ ခံစားရဖို့၊ မောင် ကျမအနားမှာ ရှိနေဖို့ မျှော်လင့်ချက်နဲ့ ကျမရဲ့ ရှိရင်းစွဲ အစွယ်တွေကို ထုတ်မပြနိုင်တဲ့ ခံစားချက်ကြီးက ပူလောင်တယ်။ ကျမဟာ ကျမမဟုတ်ဘူးဆိုတဲ့ ဖော်ပြမှု၊ ကျမက ဒီလိုပါလို့ မောင် မြင်စေချင်တဲ့ မျက်နှာဖုံး လှလှလေးနဲ့ ဖော်ပြမှု တွေပေါ့။

မောင် မသိအောင် ကျမ တစ်ယောက်တည်း မျက်ရည်ခိုးကျ ခဲ့ရတဲ့ ညတွေအတွက် ကျမ ဘယ်သူ့ကို အပြစ်တင်ရမလဲ။ အားတီနဲ့ မယ်ရီရဲ့ Silent သီချင်းကို အသံကုန် ဖွင့်၊ နားမှာ နားကျပ်ကို တပ်ပြီး ကိုယ့်လက်ကိုယ် ဓားနဲ့ ပြန်လှီးရတဲ့ ရက်တွေအတွက် ကျမ ဘယ်သူ့ ကို အပြစ်ပြောရမလဲ။ ကျမနဲ့အတူ ရှိနေရင်း မောင့်ဖုန်း Screen ပေါ် မှာ ချစ်စနိုး အဖျားဆွတ်ခေါ်တဲ့ နာမည်ကလေးနဲ့ ဖုန်းဝင်လာရင် မောင် လွတ်လွတ်လပ်လပ်ပြောဖို့ ရေချိုးခန်းထဲကို တိတ်တဆိတ် ဝင်ထိုင် ပေးရတဲ့ ညတွေအတွက် ကျမ ဘယ်သူ့ကို အပြစ်တွေ ပုံချပစ်ရမလဲ။

လှေကားဆီကနေ ကြားရတဲ့ မောင့်လေချွန်သံ ခပ်တိုးတိုး လေးနဲ့အတူ လှေကားထစ်တွေကို နင်းတက်လာတဲ့ ကတ္တီပါဖိနပ်သံ။ ကျမ ခုတင်ပေါ် လှဲနေရာကနေ ထပြီး ဆံပင်ကို သပ်တာတွေ၊ ဂါဝန်ကို ဆွဲဆန့်တာတွေ လုပ်လိုက်တယ်။ ပြီးတော့ တံခါးလော့ခ်ကို အဆင်သင့် ဖွင့်ထားလိုက်တယ်။

မောင်ဟာ အခန်းထဲကို ဝင်လာလာချင်း၊ ကျမကို ပွေ့ဖက်ပြီး ကျမပါးကို နမ်းတယ်။ ကျမ ပခုံးပေါ်ကို ခေါင်းမှောက်ချပြီး “ပင်ပန်း လိုက်တာ မရယ်” တဲ့။ ခုရက်ထဲ မောင့်မှာ ဖိအားတွေ များနေတာကို ကျမမြင်ပါတယ်။ ဘာဖြစ်လို့လဲလို့ ကျမက မေးပေမယ့် ဘယ်တော့ မှ ဘယ်အရာကိုမှ ဖွင့်မပြတတ်တဲ့ မောင်ဟာ သူ စိတ်ရှုပ်ရတဲ့ အကြောင်းအရင်းကို ကျမကို မပြောပြပါဘူး။ သူ လုပ်နေကျလိုပဲ ကျမရင်ခွင်ထဲမှာ တိတ်တိတ်ကလေး လာနားမယ်၊ မနက်ကျရင် ဘာမှ မဖြစ်သလို ပြန်သွားမယ်။ ကျမတန်ဖိုးဟာ မောင့်အတွက် စိတ်ချ လက်ချ အိပ်ပျော်နေပျော်မယ့် နေရာတစ်ခုလောက်ပဲတဲ့လား မောင်ရယ်။

မောင်ဟာ စားပွဲပေါ်ကို သူ ပစ္စည်းလေးတွေ ချတယ်၊ လက်ပတ် နာရီ

ချွတ်တယ်။ ရှပ်အင်္ကျီကို ချွတ်တယ်။ စားပွဲပေါ်က ကျမ စီးကရက် ဘူးထဲက စီးကရက်ကို ယူတယ်၊ ကျမဆီကို တစ်လိပ်ကမ်းပြီး ကျမက မောင့်ပခုံးပေါ် မှီရင်း ခုံမှာအတူ ထိုင်ရင်း စီးကရက် သောက်ကြတယ်။ ပြီးတာနဲ့ မောင်က ကျမခါးကို ပွေ့ပြီး နှုတ်ခမ်းတွေကို မက်မက် မောမော နမ်းတယ်။

Mevius Caster သောက်ပြီး နမ်းကြတော့ မောင့်နှုတ်ခမ်း လေးတွေက ချိုလိုက်တာ။ ဘာဖြစ်လို့ အဲဒီနှုတ်ခမ်း ချိုချိုလေးတွေကို ကျမ မပိုင်ဆိုင်နိုင်ရတာလဲဟင်…၊ ပိုင်ဆိုင်ခွင့် မရှိတာရတာလဲ။

မက်မက်မောမော လှိုက်လှဲပူလောင်တဲ့ အထိအတွေ့တွေကို ကျမတို့ ကျော်ဖြတ်အပြီးမှာ မောင်က ခုတင်ပေါ်က လျှောဆင်းပြီး ရေချိုးခန်းထဲ ဝင်သွားတယ်။ ရေချိုးခန်းထဲကို လိုက်ဝင်ဖို့ ခုတင်ပေါ်က ထလိုက်တုန်း မောင့်ဖုန်း screen လေးက ရုတ်တရက် လင်းလာ…။

အဲဒီမှာ ကျမ ကမ္ဘာကြီး ပြိုကျတော့တာပဲ။ မနက်ဖြန် စေ့စပ် လက်စွပ် သွားရွေးရမယ်နော် ကိုကို တဲ့။ စာလုံးကလေး ဆယ့်လေးလုံး ဟာ ကျမရဲ့ အရာရာတိုင်းကို အနုမြူဗုံးတစ်လုံးလို ဖျက်ဆီးပစ်လိုက် တော့တာ။ ကျမ ဘယ်တော့မှ မပိုင်ဆိုင်တော့မယ့် အရာကို အဲဒီ မိန်းကလေးက ပိုင်ရတော့မှာ။ ရေချိုးခန်းထဲကနေ လှမ်းခေါ်တဲ့ မောင့် ဆီကို သွားတဲ့ ကျမ ခြေလှမ်းတွေက ချိနဲ့ယိမ်းယိုင်လို့။

ရေချိုးပြီး ချမ်းတတ်တဲ့ မောင့်အတွက်ရော ကျမအတွက်ပါ ကော်ဖီ ဖျော်တယ်။ မောင့် ကော်ဖီထဲမှာ အရောအနှောလေးတစ်ခု အပိုပါသွားတာက လွဲရင် ကျန်တာ အားလုံးဟာ ပုံမှန်အတိုင်းပါပဲ။

ဒီညတော့ ကျမ မောင့်ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်တယ်။ မောင်က သူ့ထုံးစံအတိုင်း ကျမ နဖူးကို ဖွဖွကလေး နမ်းတယ်၊ ကျမ နားရွက်ဖျားကို ဖွဖွကလေး ကိုက်တယ်။ မျက်ရည် မကျမိအောင် ကျမ နှုတ်ခမ်းအတွင်းသားတွေကို ကိုက်ထားရလို့ လျှာဖျားမှာ သွေးရဲ့သံဓာတ် အရသာ ငန်ပျပျကို ခံစားနေရတယ်။

မောင့်လက်မောင်းတွေထဲကနေ ကျမ ကြားနေရတဲ့ ရင်ခုန် သံဟာ မှန်မှန်နဲ့ တဒိတ်ဒိတ်။ မောင်က ကျမ မေးစေ့ကို သူ့လက်နဲ့ သာသာလေး ဆွဲမော့ရင်း အပေါ်နှုတ်ခမ်းလေးကို စုပ်ယူတယ်။ ပြီး တော့ ကျမ ကိုယ်လုံးကို သူ့ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် ပွေ့ဖက် လိုက်တယ်။ "မောင်… နောက်ကို ခဏ ခဏ လာဖြစ်ဖို့ မသေချာ တော့ဘူးနော်" တဲ့။

ဘာဖြစ်လို့လဲလို့ ကျမက မမေးခဲ့သလို မောင်ကလည်း အကြောင်းပြချက်တွေ မပေးခဲ့ဘူး။ ကျမ မောင့်ခါးကို တင်းတင်းပြန် ဖက်ရင်း

မောင့်ရင်ခုန်သံတွေဆီကို နားစိုက်ထားလိုက်တယ်။ ကျမ ကျောပြင်ပေါ်ကို စုန်ဆန်ပွတ်သပ်နေတဲ့ မောင့်လက်ကလေးတွေ ငြိမ်ပြီး မောင်ဟာ အိပ်စက်ခြင်း နွံထဲကို တအိအိ နစ်ဝင်သွားခဲ့…။

အိပ်ပျော်နေတဲ့ ချစ်စရာကောင်းတဲ့ အဲဒီမျက်နှာလေးကို ကျမ တစ်သက်လုံး မေ့နိုင်ပါတော့မလား။ မသေချာပါဘူး၊ မမေ့ ပစ်နိုင်လောက်ဘူး ထင်ပါတယ်။ ကျမဆီကို ပြန်မလာတော့ဘူးလို့ တိတိကျကျ မနှုတ်ဆက်ပေမယ့် မောင်ဟာ ကျမဆီကို ဘယ်တော့မှ ပြန်မလာတော့ဘူး ဆိုတာကို ကျမ သိနေခဲ့ပါတယ်။

ကိုယ်မပိုင်ဆိုင်နိုင်လို့ ဖျက်ဆီးပစ်တယ် ဆိုတာ လူယုတ်မာတွေရဲ့ အလုပ်တဲ့။ ကျမဟာ ကျမရဲ့ အစွယ်တဖွေးဖွေး မျက်နှာဖုံးကို မောင့်ရှေ့မှာ ဘယ်တော့မှ ချွတ်ပြလိမ့်မှာ မဟုတ်ပါဘူး။ မောင်ဟာ သူ သေတဲ့အထိ ကျမဆီကနေ ပျော်ရွှင်ငြိမ်းချမ်းမှုတွေကိုပဲ လက်ခံ ရရှိခဲ့တယ် ဆိုတဲ့အကြောင်း မှတ်မိသွားစေ ချင်ပါတယ်။ အေးစက်တိတ်ဆိတ်နေတဲ့ အမှောင်ခန်းထဲမှာ သင်တုန်းဓား လေးရဲ့ ဓားသွားဟာ လက်ခနဲ…၊ သွေးညှီနံ့တွေဟာ အေးအေးချမ်းချမ်း အိပ်ပျော်နေတဲ့ အမျိုးသားကလေးကို လန့်မနိုးသွားစေပါဘူး။

အခန်းကလေးထဲမှာတော့ မောင်ကြိုက်တဲ့ အဆိုတော် ဖြူဖြူ ကျော်သိန်းရဲ့ သီချင်းသံက တိုးတိုးကလေး ပျံ့လွင့်နေတုန်းပါပဲ…။

"မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်တဲ့။

※※※

သတ်သေသွားတဲ့မိန်းမ

အဲဒီမိန်းမ သေသွားခဲ့ပြီ ဆိုတာကို ကျနော် ယုံတောင် မယုံ ချင်သလိုပဲ။ သူ့ရဲ့ Dead body ဟာ ပူနွေးပျော့ပျောင်းနေတုန်း။ သူ့ကို သယ်သွားတဲ့ ထမ်းစင်ပေါ်ကနေ သူ့ရဲ့ ညာဘက်လက်က မကြာခဏ ပြုတ်ကျတတ်လို့ ဝန်ထမ်းကောင်လေးက ပြန်ပြန်တင်ပေးနေရတယ်။ သူ့လက်ကောက်ဝတ်မှာ ကျနော် လက်ဆောင်ပေးထားတဲ့ Pandora လက်ပတ်ကလေးကို ဝတ်ထားခဲ့တယ်။

ရေချိုးခန်းထဲမှာ သူ့ကိုတွေ့တော့ ကျနော် ပြေးပွေ့ဖို့ ကြိုးစား မိသေးတယ်။ ဒါပေမယ့် အနေအထားတွေ ပျက်ယွင်းသွားမှာ မလိုလား လို့ ပြေးမပွေ့ဖြစ်ခဲ့ဘူး။ သူ့ကိုယ်လုံးက bath tub ထဲမှာ သက်တောင့် သက်သာ လှဲအိပ်လို့… ရေတွေကတော့ နီရဲနေခဲ့တယ်။ ကျနော် ပွေ့ချီဖို့ စိတ်ကူးပေမယ့် သူ အသက်မှ ရှင်ပါ့မလားလို့ အရင်တွေးမိလိုက်တာ။ ဒါကြောင့် သူ့လည်ပင်းက သွေးကြောကိုပဲ အသာစမ်းခဲ့ပြီး ရဲတွေဆီကို ဖုန်းဆက်လိုက်တာ။

သူ သေနေပြီလို့ ဘာလို့ တထစ်ချ တွေးတာလဲဆိုတော့ လူတစ်ယောက်က ဒီလောက် သွေးတွေ အများကြီး ထွက်ထားရင် သေနိုင်တာပဲ မဟုတ်ဘူးလား။ Bath tab တစ်ခုလုံးက နီရဲစေးပျစ်နေခဲ့တာ။ ရေချိုးခန်းထဲကို သူ ဝင်နေခဲ့တာ နာရီဝက်မှ မကတော့ဘဲနဲ့။ ကျနော် သာ သွားပွေ့ခဲ့ရင် ဖြစ်စဉ် အနေအထားတွေ ပျက်ယွင်းသွားမှာ မဟုတ် ဘူးလား။

ရဲတွေရဲ့ မျက်လုံးက ကျနော့်အပေါ်ယုံတာ မယုံတာ ဘာကိုမှ မဖော်ပြနေဘူး။ ကျနော့်အတွက် ဒါလည်း အရေးမကြီးပါဘူး။ ကျနော့် အလုပ်က ဖြစ်စဉ်ကို ပြောပြရုံပါပဲ။

မနေ့ညက သူနဲ့ ကျနော် အဲဒီဘားမှာ သောက်ကြတယ်။ ပြီးတော့ ဒီကို ရောက်လာတယ်။ ဒီအခန်းက သူ ငှားထားတာ။ ကျနော် တို့ မကြာခဏ အတူသောက်ဖူးကြတယ်။ အင်း… ပြီးတော့ အတူအိပ်တယ်။ ထူးခြားတာလား.. ထူးခြားတာက မနေ့ညက သူ တော်တော့် ကို ပြုံးရယ်နေခဲ့တာ။ ကျနော်က ဟိုဒင်း သူ week ကွဲနေတာလို့တောင် ထင်နေတာ။

သူက ဟာသတွေ အရမ်းပြောပေမယ့် သူ့မျက်လုံးတွေကနေ ပြုံးတာမျိုးကို ကျနော် မမြင်ဖူးဘူး။ အမြဲတမ်း နာကျင်ရိပ်ဝေနေတဲ့ မျက်လုံးတွေနဲ့ ဟက်ဟက်ပက်ပက် အော်ရယ်တတ်တဲ့ အမျိုးသမီး။ မနေ့ညကတော့ တကယ့်ကို ထူးထူးခြားခြား သူ့မျက်လုံးတွေကပါ ရယ်ရွှင်နေခဲ့တာ။

ကျနော်နဲ့သူ သောက်တယ်၊ သီချင်းနားထောင်တယ်၊ ဆယ့်တစ်နာရီ လောက်မှ ဘားကနေ လမ်းနည်းနည်းလျှောက်ပြီး ပြန်လာကြတယ်။ လမ်းတဝက်ကျမှ taxi ငှားလိုက်တာ။ ဒီကို ရောက်လာတယ်။ ဘီယာ မှာပြီး နည်းနည်း ထပ်သောက်တယ်၊ ပြီးတော့ အတူအိပ်ဖြစ်ကြတယ်။

မသိဘူး။ သူနဲ့ ကျနော် ဖေ့စ်ဘွတ်ခ်ပေါ်ကနေပဲ သိတာ။ သိတယ်၊ ဒိတ်တယ်၊ အတူသောက်တယ်။ ပြီးတော့ အိပ်တယ်။ ဒါမျိုးကို သူနဲ့ လေးငါးခါလောက် လုပ်ဖူးတယ်။ လေးငါးခါလောက်နဲ့ သူ့ အကြောင်းကို သိလား ဆိုတော့ နည်းနည်းတော့ သိတယ်ဗျ။ ကျနော်တို့ နေ့တိုင်း ဖေ့စ်ဘွတ်ခ်မှာ မြင်တွေ့နေကျ၊ သိနေကျပဲဟာ။

ခုတလော သူ မကြာခဏ suicidal နဲ့ ပတ်သက်တာတွေ တင်တယ်။ ကျနော်တို့ သွားပြောရင် ဒီလိုပါပဲ လို့ပဲ ပြောတတ်တယ်။ ပြီးရင် ဟာသတွေ လျှောက်တင်နေ၊ လျှောက်ရေးနေ၊ နောက်ပြောင် နေပြန်တာပဲ။ ဒီတော့ ကျနော်တို့က သူ့ကို စိတ်တက်စိတ်ကျမြန်တဲ့ ပြဿနာ ရှိနေခဲ့တာလို့ပဲ သိတာ။

ညက ကျနော်တို့ အတူအိပ်တယ်။ အတူနေဖူးသမျှ ကာလ တွေမှာ အသောင်းကျန်းဆုံးပဲလို့တောင် ပြောလို့ရတယ်။ သူ့ ညည်းညူ သံတွေက အရင်အချိန်တွေထက် အများကြီးပိုပြီး လှိုက်လှဲနေခဲ့တာ။ ကျနော်တို့ ခဏလောက်ပဲ နားတာ၊ ဒီမနက်ထိ ဒီကိစ္စကြီး မဖြစ်ခင်က တောင် သူနဲ့ ကျနော် ဟိုဒင်းဗျာ အချိန်အတူ ဖြုန်းခဲ့သေးတာ။ ခဏ နေတော့ အိပ်ရာပေါ်က လျောဆင်းသွားပြီး It's time to go လို့ ပြော တယ်၊ ကျနော့်နဖူးကို နမ်းတယ်။ ပြီးမှ ရေချိုးခန်းထဲကို ဝင်သွားခဲ့တာ။ ဒီလို လုပ်ပစ်လိုက်လိမ့်မယ် ဆိုတဲ့ ဘာအရိပ်အယောင်ကိုမှ ကျနော် မတွေ့ခဲ့ဘူး။

အတူနေချိန်မှာ သူ့ရဲ့ ထူးခြားတဲ့ အပြုအမူလား၊ သိပ်မရှိ.. အား… တစ်ခုရှိတယ်။ သူ ဘယ်တုန်းကမှ မပြောခဲ့ဖူးတဲ့ စကား“ကျမ ကို ချစ်ပါ.. ကျမကို ချစ်စမ်းပါ မောင်ရယ်” တဲ့။ သူ တတွတ်တွတ် ပြောနေခဲ့တယ်။

※※※

The Last Memories

ကျမကိုယ် ကျမ သတ်သေမယ်လို့ မဆုံးဖြတ်လိုက်ခင် နှစ်နာ ရီလောက် အလိုမှာ ကျမဟာ ကော်ဖီတစ်ခွက်ကို ဖျော်သောက်နေ ခဲ့တာ။ ရယ်ဒီမိတ်ပါပဲ … ဒါပေမဲ့ Win က ထုတ်တဲ့ Drip coffee လေ။ ရေနွေးဆူဆူကို ကော်ဖီမှုန့်ထည့်ထားတဲ့ Filter အိတ်လေးထဲကို လောင်းထည့်လိုက်ရတဲ့ဟာပေါ့။ အိပ်ရာက အဲဒီအချိန်မှ နိုးလာလို့ ဖျော်သောက်တာ။

ကျမက ကော်ဖီဆို ခါးခါးပဲ ကြိုက်တယ်။ ခါးသက်သက် ကော်ဖီပူပူကို သောက်၊ စီးကရက်ဖွာရင်း လျှောက်တွေးနေရတာမျိုးကို ကြိုက်တာ။

အဲဒီအချိန်တုန်းက ကျမကိုယ်ကျမ သတ်သေလိုက်တော့ မယ်လို့ မတွေးဖြစ်ခဲ့သေးဘူး။ ကျမ စိတ်ထဲမှာ ကော်ဖီအရသာဟာ ရေနွေးအပူချိန်အပေါ် မူတည်သလား ဆိုတဲ့ အတွေးပဲ ရှိနေခဲ့တာ။ ကော်ဖီ ဖျော်မယ် ၊ ပြီးရင် ကော်ဖီခွက်ကို ဘေးနားချပြီး ကျမကြည့်ဖို့ ရုပ်ရှင်တစ်ခုခုကို ရွေးမယ်ပေါ့။

ကျမ အလုပ်အတွက် တစ်နေ့ကို အနည်းဆုံးရုပ်ရှင် နှစ်ကား ကြည့်ပါလို့ ကျမကို လူတစ်ယောက်က ပြောဖူးတယ်။ အဲဒီလူစကား ကို နားထောင်ပြီး ကျမ ရုပ်ရှင်တွေကို ဖျော်ဖြေရေးထက် အလေ့ အကျင့် တစ်ခုအဖြစ် စကြည့်ဖြစ်ခဲ့တာ။

ကော်ဖီကို ယူပြီး Laptop ရှိတဲ့စားပွဲပေါ် ယူလာတော့ ကျမ မွေးထားတဲ့ ကြောင်မလေးက Laptop ပေါ်မှာ တက်အိပ်နေတယ်။ သူ့ကို ကျမက အလုလို့ နာမည်ပေးထားတာ။ ဆရာမိုးသက်ဟန် ဘာသာ ပြန်တဲ့ အလှပဆုံး ဒဏ်ရာထဲက ဒေဝီအယူးရဲ့ သမီး အလုပေါ့။

ကြောင်မက အရောင်ပျောက်ကျား၊ သူ့အမြီးလေးက ပုံပျက်ပန်းပျက် အရင်းနားမှာ ကောက်ကွေး နေတယ်။ သူ့မျက်နှာက တိုဝိုင်း ဝိုင်း သေးသေးလေး အပြင်ကို ကြောင်ပီပီသသ လှတဲ့ မျက်လုံးဝိုင်း လေးတွေ မရှိဘူး။ ကျမ အမည်မဖော်တတ်ပေမယ့် သူ့မျက်လုံး တွေက သိပ်လည်းကောင်းပုံ မရဘူး။ တခုခုဆို မျက်နှာကလေးကို မော့ပြီးမှ ကြည့်တတ်တာ။ အကောင်ကလည်း သေးသေးလေး… ပြောရရင် သူက မလှဘူးပေါ့၊ ရုပ်ဆိုးတယ်ပေါ့။ သူ့အမေ ကြောင်မနဲ့ သူ့မွေး ချင်းတွေက လှတယ်..။ အဲဒါကြောင့်မို့လည်း သူ့ကို တမင်တကာကို အလုလို့ နာမည်ပေးဖြစ်ခဲ့တာ။

ကျမ သူ့မတိုင်ခင်က ကြောင်မလေးတစ်ကောင် မွေးဖြစ်ခဲ့ သေးတယ်။ အဲဒီကလေးမတုန်းက သိပ်လှခဲ့တာ။ ကျမက သူ့ကို သိပ် ချစ်ရဲ့သားနဲ့

မတတ်သာလွန်းလို့ စွန့်ပစ်လိုက်ရတာ... ထားပါတော့။

အလှက ဘာမဆို စားတယ်။ သူ့ဖို့ သီးသန့်အစာရယ်လို့ ကျမ ဝယ်မထားခဲ့ရဘူး။ သူ့အချိန်တန်လို့ ဗိုက်ဆာရင် အသံပိစိလေးနဲ့ အော် တယ်။ ကျမ ချကျွေးတာကို စားပြီးရင် သင့်ရာ တစ်နေရာရာ သွားနေ တာပဲ။ အလှရဲ့ တော်တဲ့အချက်က ကြွက်ကို အမြဲတမ်း ဖမ်းမိတတ်တာ။ သူ့ရှေ့မှာ လှုပ်စိလှုပ်စိ ယမ်းခါနေတတ်တာတွေကို အလှက ကြိုက်ပုံ မရဘူး။

အလှက လင်များတဲ့ ကြောင်မ။ သူနဲ့ ဘုဖော်ဘုဖက် ကြောင် တွေ သိပ်များတယ်။ လင်ဆာတယ်လို့ပဲ ပြောရမလား၊ သူ မခုခံနိုင်ဘူးပဲ ပြောရမလား ... တစ်ခုခုတော့ တစ်ခုခုပဲ။ သဘာဝအရ လိမ်ကောက် နေတဲ့ သူ့အမြီးကျိုးကလေးက သူ့လိင်အင်္ဂါကို ဘာမှ မကာကွယ်ပေး နိုင်နေတာ။ သူ့ဆီကို ရောက်လာတတ်တဲ့ ဟိုက ဒီက ကြောင်ထီးတွေမှ အများကြီး။ ပြီးကျ ကလေးလည်း မမွေးနိုင်ဘူး။

ရုပ်ရှင်ကြည့်မယ် လုပ်ပြီးမှ ကျမ ငြီးငွေ့လာပြန်တယ်။ သူ တစ်ပါးတွေရဲ့ စောက်ရေးပါသယောင် ဆောင်ပြီး ဖြစ်ပျက်ပြနေတဲ့ ဇာတ်လမ်းတွေကို ကျမ မကြည့်ချင်တော့ပြန်ဘူး။ စီးကရက်တွေ ထိုင်ဖွာပြန် တော့လည်း အရသာရှိတယ် မထင်ဘူး။ ကျမက စီးကရက်ကို ရှိုက်ရတာ သိပ်မကြိုက်ဘူး။ မကြိုက်ရင် ဘာလို့ သောက်လဲလို့ မေးရင် ကျမ အငွေ့တွေကို ကြိုက်တာလို့ပဲ ဖြေမှာ။ အငွေ့တွေကို ကြိုက်တတ်ပေမယ့် ကျမ သျှိုသျှားကျတော့ မကြိုက်ပြန်။ စီးကရက် အစားထိုး Vape ကိုလည်း ရင်မခုန်၊ ကျမက ဆေးလိပ်ငွေ့ တစ်မျိုး ထဲကိုပဲ ကြိုက်တတ်ပုံ ရတယ်။

စီးကရက်ဖွာ၊ ကော်ဖီခွက်ကိုင်ပြီး ဝရံတာကို ထွက်တယ်။ ကျမ အိမ်ဝရံတာမှာ အဝတ်လှမ်းစင်က လွဲရင် ဘာမှ ရှိမနေပါဘူး။ နေ့လည်နှစ်နာရီလောက် ဆိုတော့ ကျနေနဲ့ ပူလောင်နေခဲ့သေးတာ။

ဝရံတာမှာ မျက်စိပသာဒ ရှိအောင် အပင်တွေ စိုက်မယ်ဆိုပြီး စိတ်ကူး ဖူးပေမယ့် ကျမက ချက်ခြင်းမှ ထမလုပ်ရင် ဘာမှ သိပ်မဖြစ်မြောက် လို့ ဒီအကြံလည်း အကောင်အထည် မပေါ်ခဲ့ဖူးဘူးပေါ့။

ကျမ ဖုန်းကို ယူပြီး ဖေ့ဘုတ်ဝင်တယ်။ ပျင်းပျင်းနဲ့ ဟိုဒီ ကြည့်တယ်။ ဖုန်းကို ပိတ်တယ်။ ပြန်ပစ်ချတယ်။ ကျမမှာ ဘာမှ ထွေထွေ ထူးထူး လုပ် လုပ်စရာ မရှိနေဘူး၊ ကျမ ဘာကိုမှ အာရုံစိုက်လိုက်လို့ ရ မနေဘူး။ လောကကြီးက ဒီလိုပဲ ငြီးငွေ့စရာ ခြောက်သွေ့နေတာလား၊ နောင်ရော ခြောက်သွေ့နေမှာလား။

ပြာခွက်ထဲမှာ စီးကရက်တိုတွေ များလာတယ်။ သီချင်း တွေကို rep repeate နဲ့ ဖွင့်တတ်လို့ ဖုန်းကနေ ဖွင့်ထားတဲ့ သီချင်းက ထပ်ကာ ထပ်ကာ...

အပြင်ကမ္ဘာကြီးကို စိတ်ကူးနဲ့တောင် ခြေဦးမလှည့် ... ဘာမှ မဖြစ်ချင်ခဲ့.... ဘာဆို...

ကျမကရော ဘာဖြစ်ချင်တာတဲ့လဲ။ သေချာတယ် ကျမ ဘာဆို ဘာကိုမှ မဖြစ်ချင်ဘူး။ ကျမမှာ နှုတ်ဆက်ရမယ့်လူ မရှိဘူး။ ကျမ ကြောင်က လွဲရင်ပေါ့။ ကျမတို့ဟာ ကိုယ့်ဆန္ဒ မပါဘဲ ဘဝထဲ ကို ဆွဲခေါ်ခံခဲ့ရတာ၊ ပြန်ထွက်သွားချင်ရင်တောင် ကိုယ့်ဆန္ဒ ပါချင်မှ ပါခွင့်ရှိကြရတာ မဟုတ်လား။ ကိုယ့်ဆန္ဒနဲ့ကိုယ် ထွက်သွားခဲ့ရင်တောင် အပြစ်တင်ခံရသေးတာပဲ။

ကျမကတော့ အပြစ်တွေ၊ ချီးကျူးတာတွေ ဘာတွေကိုမဆို သိပ်တော့ ခေါင်းထဲမထားဘူး။ ကျမသိတာက ကျမရဲ့ ငြီးငွေ့မှုပဲ။ ရှေးဘဝတွေ နောင်ဘဝတွေလည်း အယုံအကြည် မရှိပါဘူး။ အဲဒီလို ပြောလို့ ကျမကို ဘယ်ဝါဒီပါလို့လည်း ခေါင်းစဉ်တပ်လို့ မရဘူး။ ပြောရရင် ကျမက ပျောက်ဆုံးမှုတစ်ခုလို တည်ရှိနေတာကြီးပေါ့။

ကျမ ဆန္ဒမပါဘဲ ဒီဘဝကြီးထဲကို ကျမ ရောက်ခဲ့ရပြီးပြီ။ ထွက်သွားရရင်တော့ ကျမဆန္ဒကြောင့်နဲ့ပဲ ထွက်သွားချင်တာ ကျမ ဘာများ မှားလို့လဲ။

ကျမ ပြောခဲ့ပါရောလား။ ကျမက တစ်ခုခုကို ချက်ခြင်းမှ ထမလုပ်လိုက်ရင် မလုပ်ဖြစ်တော့တဲ့ သူလေ။

ကုန်အောင် မသောက်ရသေးတဲ့ ကော်ဖီခွက်ကို ကျမ စာရေးစားပွဲပေါ်မှာ တင်ထားခဲ့တယ်။ တိုက်ခန်းတံခါးကိုတော့ သော့ မခတ်ဖြစ်တော့ဘူး။ တံခါးဖျက်ဝင်ရရင် ကျမ အိမ်ရှင်အတွက် အားနာ စရာကောင်းတယ် မဟုတ်လား။

လှုပ်ရမ်းနေတဲ့ ကျမခြေထောက်ကို အလှက ခုန်အုပ်ပြီး သူ့လက်သည်းတွေနဲ့ ထိုးစိုက်ထားလို့ ကျမရော သူရောဟာ ကြိုးနဲ့ အတူ တွဲလောင်းကလေး ယမ်းခါလို့။ နာကျင်မှုတွေဟာ တစ်မိနစ် လောက်ပဲ ကြာခဲ့လိမ့်မယ်လို့ ထင်တယ်။

※※※

နာရီ

ကျမဆီမှာ နာရီ မရှိဘူး။ နာရီမရှိလို့ အခုရောက်နေတဲ့ နေရာရဲ့ အချိန်ကို မသိဘူး။ အချိန်ပဲဟာ၊ နေနဲ့ ချိန်ပေါ့လို့ ပြောရ အောင်လည်း ကျမ ရောက်နေတဲ့ နေရာဟာ နေ့လား၊ ညလား ကျမ မသိတာ ကြာပြီ။ အခန်းထောင့်မှာ အမြဲလင်းနေတဲ့ မီးလုံးဝါကျင်ကျင် ရှိတယ်၊ မီးအားကျရင် မှိန်တယ်၊ မီးအားကောင်းရင် လင်းတယ်၊ တစ်ခါတလေ မီးပျက်နေရင်တော့ လုံးဝကို မလင်းနေဘူးပေါ့ (ဒါတွေ ရှင်တို့ လည်း သိပါလိမ့်မယ်)။ ရောက်တတ်ရာရာတွေကို လျှောက်ပြောနေမိတာ တကယ်တမ်း ကျမ ပြောချင်တာက အခု ကျမဆီမှာ နာရီမရှိဘူး။

နာရီတွေ အကြောင်းကို ရောက်တတ်ရာရာ လျှောက်စဉ်း စားနေတော့ ဖတ်ဖူးတဲ့ဝတ္ထုတိုတစ်ပုဒ်ကို သတိရမိတယ်။ သတိပဲ ရတာ... ကျမ အသေးစိတ် မမှတ်မိတော့ဘူး။ ကျမ မှတ်ဉာဏ်တွေ မကောင်းတော့တာ နည်းနည်းကြာနေပြီ၊ အသေးစိတ် အချက်အလက်တွေထက် အကြောင်းအရာ လောက်ကိုပဲ မှတ်မိပြီး နေခဲ့ရတဲ့ နှစ် ကာလတွေကတင် ကျမဆီမှာ မနည်းဘူး။ ထားပါ... ပြောချင်တာက နာရီကို ရူးသွပ်တဲ့ လူတစ်ယောက်အကြောင်း ရေးထားတာကို ဖတ်ဖူး တယ်လို့ ပြောချင်တာ။ အခုတော့ စကားတွေက တောင်ရောက်၊ မြောက် ရောက်ပဲ... ဆောရီး။

နည်းနည်းတော့ ရယ်ရတယ်၊ ဆောရီးလို့သာ တောင်းပန်နေ တာ၊ ဒီနေရာမှာ ကျမကလွဲ ဘယ်သူမှ မရှိဘူး။ မရှိတဲ့ တစ်စုံတစ် ယောက်ကို ရည်ရွယ်ပြီး ဆောရီးလို့ ပြောနေတာလား၊ ကျမကိုယ် ကျမပဲ ပြန်ပြောနေတာလား။ ဆောရီး... အဲဒီလိုပဲ ပြောချင်တာတွေ အံချော်နေပြန်ပြီ၊ ကျမ ပြောနေတာက နာရီတွေကို ရူးသွပ်တဲ့သူ အကြောင်း။

ရေးတဲ့ စာရေးဆရာကိုလည်း ကျမ မမှတ်မိဘူး၊ ဆရာ နေဝင်းမြင့်လား၊ ဆရာဖေမြင့်လား မမှတ်မိတော့ဘူး။ ဇာတ်လမ်းထဲက ဇာတ်ကောင်ဟာ သူ ပတ်ထားတဲ့ နာရီပျက်ကို ပြင်ရာကနေစပြီး နာရီတွေကို ဘယ်တော့မှ မယုံကြည်တဲ့ အကြောင်းကို ရေးထားတာ။ သူဟာ နာရီတွေ အကြောင်းကို အချက်အလက်နဲ့တကွ အတိအကျကို လေ့လာတာ၊ နာရီအကြောင်းမှာ ဆရာတစ်ဆူပဲ။ ဘယ်နာရီကိုမှ မယုံ ရလို့ သူ့ရဲ့ ကိုယ်ပိုင်နာရီကို တီထွင်နေတာ။ နောက်ဆုံး သူ့ရင်ဘတ်မှာ ကမ္ဘာ့အမှန်ဆုံး နာရီတစ်လုံး ပေါ်လာပြီလို့ကို ယုံကြည်ပစ်လိုက်တော့ တဲ့ အထိပဲ။

ကျမကတော့ ကျမကိုယ်မှာ နာရီတစ်လုံး လာပေါ်နေမယ့် ကိစ္စကို မကြိုက်ဘူး။ ဒါပေမယ့် လူတိုင်းဟာ ကိုယ့်အကြိုက်နဲ့ကိုယ် မှတ်လား၊ ဒီအကြောင်းတွေကို မဝေဖန်သင့်ပါဘူး။ ပြီးတော့ ကျမဆီမှာ နာရီတွေ အပေါ်ကို

တကူးတကကြီး ယုံကြည်တယ်၊ မယုံကြည်ဘူး ဆို တာလည်း မရှိနေဘူးလေ၊ ကျမအဖို့ နာရီဟာ ကိန်းဂဏန်းဖော်ပြတဲ့ စက်တစ်ခု သက်သက်လောက်ပါပဲ။ အဲ... အခုချိန် မတိုင်ခင်အထိ ဆိုပါ တော့။

ကျမ နာရီဘယ်နှလုံးလောက် ပိုင်ခဲ့ဖူးလဲ၊ တိုင်ကပ်နာရီတွေ၊ ငယ်ငယ်က အိပ်ရာ စောစောထနိုင်ဖို့ ဝယ်ခဲ့ရတဲ့ စားပွဲတင် နှိုးစက်နာရီတွေကို ဖယ်ထုတ်ပြီး ရည်တွက်ကြည့်မယ်။ ကျမဆီမှာ လက်ပတ် နာရီ ဘယ်နှလုံးလောက် ပိုင်ခဲ့ဖူးသလဲ၊ လက်ငါးချောင်းတောင် မပြည့် ဘူးလားပဲ။ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး... နာရီကြည့်တတ်တဲ့ တစ်တန်း ကျောင်းသူ အရွယ်ကနေ အခုအထိ ကျမကိုယ်ကျမ ဓာတ်ပုံအဟောင်း လေးတွေလို ပုံဖော်ကြည့်မိတယ်။ ကျမဆီမှာ နာရီပတ်ထားတာမျိုး ရှိသလား။

ရှိတယ်...၊ ကျမ နာရီကလေးတွေ ပတ်ထားခဲ့ဖူးတယ်။ အချိန် မှတ်စက်ကလေးတွေကို လက်ကောက်ဝတ်ပေါ်မှာ ဟန်ပါပါ ပတ်ထား ခဲ့ဖူးတဲ့ အချိန်တွေ ကျမဆီမှာ ရှိနေခဲ့တယ်။ ကျမ နာရီတွေကို အချိန်စီမံ ခန့်ခွဲဖို့ လိုအပ်နေလို့ ပတ်ခဲ့တာလား၊ ဒါမှမဟုတ် အဆင်တန်ဆာ အနေနဲ့ ပတ်ခဲ့တာလား။ ကျမ မမှတ်မိဘူး၊ ကျမ နာရီမပတ်တာ ကြာပြီ။ smart phone ကို တွင်တွင်ကျယ်ကျယ် ကိုင်လာနိုင်တဲ့ အချိန်က တည်းက ကျမဆီမှာ လက်ပတ်နာရီမှ မလိုအပ်တော့တာ။

အခုနေ ကျမဆီမှာ နာရီသာ ရလာမယ် ဆိုရင် ကျမ ဘယ်လို နာရီမျိုးကို မျှော်လင့်ကြည့်လို့ရမလဲ။ ရိုးရှင်းတဲ့ ဒိုင်ခွက်အဝိုင်းနဲ့လား၊ ဆယ်ပြားစေ့ပုံလေး လာမလား၊ သားရေကြိုးနဲ့လား၊ သတ္တုကြိုးနဲ့ ဆိုရင်ရော။ ကမ္ဘာကျော် branded တွေ ဖြစ်နေတဲ့ နာရီတွေထဲကလား။ ဒါမှမဟုတ် သာမာန် Q&Q လောက်ပဲလား။ ဒါမှမဟုတ် နာရီဖြစ်ရင်ပြီးရောလား။ နာရီဖြစ်ရင် ပြီးရောဆိုတော့ ကျမက နာရီကို တကယ်ရော လိုအပ်နေတာမို့လို့လား၊ လိုချင်နေတာကိုပဲ လိုအပ်နေတာလို့ ယူဆပစ် လိုက်တာလား။

ကျမ စိတ်ကူးထဲက နာရီလေးတွေကို အခုတ်နံ့ရုံမှာ ရေးကြည့် တယ်။ စိတ်ကူးဆိုမှတော့ ပုံစံက မျိုးစုံပဲ။ တိမ်ပုံစံ ဒိုင်ခွက်နဲ့တောင် ပါလိုက်သေးတယ်။ ကျမရဲ့ လက်ကောက်ဝတ်ပေါ်မှာ တချပ်ချပ်မြည်သံ တိုးတိုးကလေးနဲ့ ညင်ညင်သာသာ ရွေ့လျားနေမယ့် လက်တံကလေးတွေနဲ့ နာရီတစ်လုံးရဲ့ အထိအတွေ့ ကလေးကို မျှော်လင့်နေတာ။ ကျမရဲ့ နာရီလိုချင်စိတ်ဟာ အချိန်ကြာလာတာနဲ့အတူ ပြင်းထန်လာတယ်။ ပိတ်ထားတဲ့ တံခါးကြီးကိုတောင် အားနဲ့အင်နဲ့ ထုပစ်ပြီး ကျမ နာရီတစ် လုံးလောက် အရမ်းလိုချင်လို့ပါလို့ အော်ဟစ်တောင်းဆို ပစ်တဲ့အထိကို ပြင်းထန်လာခဲ့တာ။ ကျမ လက်သီးဆုပ်တွေသာ နီရဲယောင်ကိုင်းလာ တာ၊ ကျမဆီကို ဘာနာရီမှ ရောက်မလာဘူး။ မရနိုင်ဘူး ဆိုတာ သိပါ တယ်။ ဒါပေမယ့် မရနိုင်မှန်း သိရက်နဲ့ကို မိုက်မိုက်မဲမဲ ဖွတ်လုပ်ကြည့်

ချင်တတ်တာကလည်း လူ့သဘာဝပဲ မဟုတ်ဘူးလား။

ဒါပေမယ့် ကံတရားကဆန်းကြယ်တယ်။နာရီတစ်လုံး လောက်ကို ရှူးလောက်အောင် လိုချင်နေတဲ့ ကျမဆီမှာ နာရီလေးတစ် လုံး ရှိနေခဲ့တယ်။ ကျမရဲ့ လက်ကောက်ဝတ်ပေါ်မှာ...။ အသေးစိတ် ပြောရရင် လက်ကောက်ဝတ် အရည်ပြားအောက်က သွေးကြောစိမ်း ကလေး တစ်ခု။ ပထမဦးဆုံး စတွေ့တုန်းက ကျမ သူ့အချိန်တွေကို ဖမ်းမိဘူး။ ပေါ်လိုက်၊ ပျောက်လိုက်နဲ့။ ဖွဲ့မလျှော့စတမ်း စမ်းသပ်ရင်း ရင်းနှီးလာတဲ့အခါ သူက ကျမရဲ့ ညာလက်ချောင်းကလေးကို ဘယ်ဘက် လက်ကောက်ဝတ်ပေါ် တို့ထိလိုက်ရုံနဲ့တင် အသံပေးတော့တာပဲ။

ချပ်xxx ချပ်××× ချပ်xxx ချပ်xxx ။

ခံစားလို့ပဲ ရတယ်။ ကျမသူ့ကို ထိတွေ့လို့ မရဘူး။ ထိတွေ့ချင်တယ်။ ကျမရဲ့ လက်ကောက်ဝတ် ဆီမှာ သူ့ကို ဂုဏ်ယူစွာနဲ့ ပတ်ထား လိုက်ချင်တယ်။ မျက်လုံးတွေနဲ့ သူ့ကိုကြည့်ပြီး ဘယ်နှစ်နာရီလေလို့ မျက်လုံးတွေကနေ မာန်ဝင့်ပြပြီး ပြောချင်တယ်။ သူ့ရဲ့ ခုန်လှုပ်နေတဲ့ အထိအတွေ့လေးဟာ ကျမ ဆိုတာ ရှိနေသေးတဲ့ အကြောင်းကို ဖော်ပြ နေတာဆိုတဲ့အကြောင်း လူတိုင်းမြင်ရအောင် ကျမ ထုတ်ပြလိုက် ချင်တယ်။ သူခိုးရွှေရ တပြပြ လုပ်ချင်တယ်။

လူတွေရဲ့ လောဘစိတ်ဟာ အဆုံးမရှိဘူး။ တစ်ခုရှိလာပြီး တော့လည်း နောက်တစ်ခုကို ထပ်ပြီး လိုချင်ပြန်တာပဲ။ ကျမ သူ့ကို အရေပြားအောက်မှာ တသက်လုံး ပုန်းကွယ်မထားချင်ပါဘူး။

အမျိုးသမီးရဲ့ အလောင်းကို အိမ်ထဲကနေ သယ်ထုတ်လာ တော့ အိမ်နီးချင်းမိန်းမက သူ့နံဘေးက နောက်ထပ် မိန်းမတစ်ယောက် ကို ပခုံးတွေ ကျုံ့ပြပြီး ခပ်တိုးတိုးလေး ပြောလိုက်တယ်။

“ကျမတော့.. ကိုယ့်လက်ကောက်ဝတ်ကို ဓားနဲ့ ဘယ်လိုမှ ပြန်မလှီးရဲပါဘူးရှင်...“ တဲ့။

※※※

အမျိုးသမီး ငါးယောက်

(၁)

အနိန်ရာ = ဟင့်အင်း ...၊ သူက ငါ့ကို တကယ်ချစ်တာ၊ ဒီကိစ္စက တကယ် မဟုတ်ပါဘူး။

မီလာ = နင်... အဲဒီမှာ ယုံကြည်နေလိုက်၊ ချစ်မှတော့ နောက်တစ် ယောက် ရှိလာမလား။

မိုင်လီ = တစ်ခါတလေ စိတ်အပြောင်းအလဲ ဖြစ်ချင်လို့နေမှာပေါ့၊ လက်ခံပေးရတာ၊ ဘာပင်ပန်းလို့လဲ၊ အရင်ကထက် ပိုဂရုစိုက် ပေးလိုက်ပါဟာ။

ဒါလီ = နင် ကြောက်ရမယ် အနိန်ရာ၊ နင် အဲဒီလို လုပ်မနေနဲ့၊ တစ်ခု ခု လုပ်တော့၊ သူ မရှိရင် နင် ဘယ်လိုလုပ်မလဲ။

ရှသ် = နင် သူ့ကို သတ်ပစ်လိုက်။

(၂)

မီလာ = နင်က အရူးမပဲ၊ ဒါကြောင့် သူက နင့်ကို လွယ်လွယ်လေး လှည့်စားနေတာ၊ နင် သူ့နောက် လိုက်ချောင်း...။

အနိန်ရာ = ငါတို့ ယုံကြည်မှုကို ဖျက်သလို ဖြစ်သွားမှာပေါ့။ သူက ငါ့ကို အဲဒီလိုလုပ်စေချင်မှာ မဟုတ်ဘူး။

မိုင်လီ = ဟုတ်တယ်၊ အဲဒီလိုတွေ တွေးနေမယ့်အစား သူ လာရင် စိတ်ချမ်းသာသွားအောင် တစ်ခုခု ပြင်ဆင်ထားပါလား၊ သူက နင့်အနား နေရတာ သိပ်စိတ်ချမ်းသာတာ...။

ဒါလီ = ဟင့်အင်း နင် သူများကို နာကျင်အောင် မလုပ်ရဘူး။ နင့်ကိုယ် နင်ပဲလုပ်၊ ဒီမှာကြည့် တွေ့လား...၊ ငါ့လက်က ဒဏ်ရာ တွေ၊ သွေးထွက်အောင် လှီးပစ်လိုက်...၊ နင့်ရင်ထဲက နာကျင် မှုတွေ ပျောက်ကွယ်သွားလိမ့်မယ်။

ရှသ် = နင် သူ့ကို သတ်ပစ်လိုက်...။

(၃)

မိုင်လီ = ပျော်ခဲ့ရတာလေးတွေပဲ နင် ပြန်တွေးနေသင့်တယ်၊ သူ ကြိုက်တတ်တာလေးတွေ လက်ဆောင်ဝယ်ပေးရမယ်။

အန်နာ = ဟုတ်တယ်နော်၊ ငါ လုပ်သင့်တယ်။ သူက ငါ့အပေါ် အခု ထက်ထိ အကြင်နာမှ မပျက်သေးတာ၊ ငါ့ဘာသာ ငါ အစိုးရိမ် ပိုနေတာ နေမှာပါ။

ဒါလီ = ဟင့်အင်း...၊ ဟင့်အင်း ငါ မခံစားနိုင်တော့ဘူး၊ ငါ့ကို ဘရိတ်ဆားပေးကြပါလား...။

ရှသ် = နင် သူ့ကို သတ်ပစ်လိုက်...။

မီလာ = နင် သူများ လက်ထဲမှာ သူ့ကို ဒီလိုပုံနဲ့ ဆုံးရှုံးပစ်လိုက်တော့ မလို့လား၊ မှန်တယ် ရှသ် ပြောသလို သတ်ပစ်လိုက်ဟာ...၊

(၄)

ဒါလီ = ငါ ကြောက်တယ် အန်နာ၊ ငါ အရမ်းကြောက်တယ်။ နင်ရော မကြောက်ဘူးလား၊ ငါတို့ အတူတူ ဒီဘရိတ်ဆားနဲ့ သွေးကြော တွေကို လှီးပစ်ရအောင်လား၊ သေတာက သိပ်မကြာပါဘူး ဟာ၊ ဒီနာကျင်မှုက အရမ်းကို... အရမ်းကြီးကို ကြာမှာဟ။

အန်နာ = ငါ့အချစ်က သူ့အတွက် မလုံလောက်တော့လိုလား၊ ငါ သူ့ စိတ်တိုင်းကျ အရာရာကို နေခဲ့တာ၊ သူ ဖြစ်စေချင်တဲ့အတိုင်း သူ လိုချင်တဲ့အတိုင်း ... ခုတော့ ငါ ပြန်ရလာတာကျတော့ ဒီလိုတွေတဲ့လား...။

ရှသ် = နင် သူ့ကို သတ်ပစ်လိုက်...။

မီလာ = ဟုတ်တယ် သတ်ပစ်သင့်တယ်။

မိုင်လီ = နင် တကယ်ပျော်မှာကိုပဲလုပ် အန်နာ၊ သတ်ပစ်မှ ပျော်မယ်ဆိုလည်း သတ်သာ သတ်လိုက်ဟာ...။

(၅)

ရှသ် = နင် သူ့ကို သတ်ပစ်လိုက်...။

အန်နာ = ဟင့်အင်း ငါ မလုပ်ရဲဘူး...၊ မလုပ်ရက်ဘူး။

မီလာ = နင် သတ်ပစ်လိုက်ဖို့ပဲ စိတ်ကူး...။

မိုင်လီ = တခြားကောင်မနဲ့ ပျော်နေတာကို မမြင်ချင်ရင် သတ်ပစ် တာ အကောင်းဆုံးပဲ။

ဒါလီ = ငါတို့အတူ သေကြမယ်လေ၊ အတူတူ.. အတူတူ... ဟိုးနောက် ဘဝအထိ အတူတူ၊ သူရယ် နင်ရယ် ငါရယ်...။

"Breaking News"

.... ရှိ တောတွင်း တစ်နေရာတွင် ကားတစ်စီး မီးလောင် နေကြောင်း သတင်းရရှိသဖြင့် မီးသတ်ယာဉ်အဖွဲ့မှ သွားရောက်ငြိမ်း သတ်ခဲ့ပါတယ်။ အဆိုပါ ကားအတွင်း၌ သေဆုံးနေသူ အမျိုးသားနှင့် အမျိုးသမီးတစ်ဦးကို တွေ့ရှိရပြီး သေဆုံးသူ အမျိုးသမီး ချန်ရစ်ခဲ့သော အချက်အလက်များအရ အဆိုပါ နှစ်ဦးသည် ချစ်သူများဖြစ်ကြောင်း သိရှိရပါတယ်၊ ကျန်ရှိသတင်းများကို ဆက်လက် တင်ပြပေးသွားပါ မယ်ရှင်...။

အေးခဲ

(၁)

ကလေ့စားချေတယ်လို့ သုံးတိုင်း လီလီက လက်မခံတတ်ဘူး၊ အတုံ့အပြန် ရှိတာပါလို့ ပြန်ပြန် ငြင်းတတ်တယ်။ လီလီက သူ့အပေါ်မှာ တစ်စုံတစ်ယောက်က ပေးလာတဲ့ ကောင်းတာကိုပဲ ဖြစ်ဖြစ်၊ ဆိုးတာ ကိုပဲ ဖြစ်ဖြစ် တုံ့ပြန်လေ့ရှိတဲ့ အကျင့်နဲ့ မိန်းမတစ်ယောက်ပေါ့။

ဥပမာ တစ်အိမ်အိမ်ကနေ အိမ်လုပ်မုန့် တစ်ခုခုလာပေးရင် လီလီက သူ့အိမ်ကနေ မရှိ ရှိတာ တစ်ခုမဟုတ် တစ်ခုကို ရှာကြံထည့် ပေးလိုက်တတ်တာမျိုးတွေ လုပ်လေ့ရှိတယ်။ လီလီက အမြဲတမ်း ပြောတယ်။ ဘယ်အရာမှ အလကား ရလာတယ် ဆိုတာ မရှိဘူးတဲ့လေ။ ဟုတ်တာပဲ...။ တစ်ဖက်အိမ်က ပေးလာတဲ့ မုန့်ကိုတောင်မှ အလကား စားလို့ မရဘူးလေ။ “စားကောင်းလိုက်တာ ၊ ကျေးဇူးတင်ပါတယ်နော်” ဆိုတာမျိုးလောက်တော့ ပြန်ပြောကြရတာ မဟုတ်လား။ ဒါက ကောင်း မွန်တယ်လို့ လူတွေ သတ်မှတ်ထားတဲ့ အကျင့်တွေပဲ မဟုတ်လား။

တချို့အကျင့်တွေကျတော့ ဆိုးတယ်လို့ သတ်မှတ်လို့ ရပြန် ရော။ လီလီက သူ့ကို နာကျင်အောင် လုပ်ဖူးရင်လည်း မှတ်ထားတတ် ပြီး ထိုက်တန်မယ်လို့ သူ ထင်တဲ့အရာကို ပြန်ပေးတတ်တယ်။ အဲဒီလို ပြန်လုပ်ပြီးတိုင်း လီလီက ပြုံးပြုံးလေးနဲ့ “ကြေပြီ” လို့ ပြောတတ်တယ်။

လီလီကို အဲဒီလိုအကျင့်က မကောင်းဘူးလို့ လူတိုင်းလိုလိုက ဆုံးမကြတာပဲ။ လီလီမိဘတွေ၊ လီလီဆရာမ၊ လီလီဆွေမျိုးတွေ စသဖြင့် ပေါ့။ ငယ်တုန်းမှာတော့ လီလီဟာ ဟုတ်ကဲ့လို့ အမြဲပြောပြီး ဘယ်တော့ မှ သူ့အကျင့်ကို မပြင်ဘူး။ ကြီးလာတော့ ပိုဆိုးတယ်။ ငါကြိုက်လို့ ပျိုးထောင်ထားတဲ့ အကျင့်မို့ မပြင်နိုင်ဘူးတဲ့လေ။

(၂)

လီလီမှာ သိပ်ချစ်ရတဲ့ ကောင်လေးရှိတယ်။ လီလီက သူ့ကို သိပ်ချစ်တာပဲ။ လီလီရဲ့ တခြားသော ဘယ်ရည်းစားနဲ့မှ မတူတဲ့ အချစ် မျိုးနဲ့ ချစ်တာ။ နင့်ကောင်လေးက နင့်ကို ချစ်လား လီလီလို့ မေးတိုင်း “သူကလား... ငါ့ကို သိပ်ချစ်တာပေါ့လို့ ယုံယုံကြည်ကြည် ဖြေလေ့ရှိတယ်။ အဲဒီလို ဖြေနေချိန်တိုင်း

လီလီမျက်လုံးလေးတွေ ကြယ်ကလေး တွေလို လင်းလက်လို့။

လီလီနဲ့ သူ့ကောင်လေးက လူချင်း သိပ်ပြီး တွေ့ရလေ့ မရှိဘူး။ အွန်လိုင်းပေါ်မှာ နေ့တိုင်း စကားပြောဖြစ်တာက လွဲရင်ပေါ့။ ပြောသာ ပြောတာပါ။ "ဘာလုပ်နေလဲ၊ ချစ်တယ်နော်" ဆိုတာက လွဲရင် လီလီတို့ကြားမှာ ဘာမှပြောစရာ ရှိမနေဘူးလေ။ လီလီကတော့ "ပြော စရာ မရှိတာ မဟုတ်ပါဘူး၊ ပြောပြနေကြဖို့ မလိုလို့ပါ" လို့ အမြဲတမ်း ပြောတတ်တယ်။

လီလီက သူ့ကောင်လေးကို စိတ်ဆိုးနေတာ ရှိတယ်။ အဲဒါ သူ့ကောင်လေးဆီက တစ်ခုခု လက်ဆောင်ရတိုင်း၊ သူ ပြန်ဝယ်ပေးတဲ့ လက်ဆောင်တွေကိုကျတော့ ကောင်လေးက မယူတဲ့ အမှုပေါ့။ လီလီ ကလည်း ကောင်လေးကျမှ တစ်မျိုး၊ ကြုံရင်ကြုံသလို တစ်ခုခုဝယ်ပြီး ဒီတိုင်း ပေးလိုက်တတ်တာမျိုး မဟုတ်ဘဲ အသုံးဝင်မယ့်ဟာ၊ တကယ် သုံးမယ့်ဟာကိုမှ ဝယ်ပေးချင်တတ်တော့ သွားသွားမေးတိုင်း ဟိုက ငြင်းလွှတ်တာပေါ့။ အဲဒီလို ငြင်းလွှတ်တိုင်း သူ ပွစိ ပွစိနဲ့ မြည်တွန် တောက်တီးနေတာချည်ပဲ။

(၃)

ဒါပေမဲ့ ခုတလောတော့ လီလီ တိတ်ဆိတ်လာတယ်။ သူ့ ကောင်လေးဆီမှာ နောက်ထပ်၊ နောက်ထပ်သော လီလီများစွာ ရှိနေတဲ့ အကြောင်းကို လီလီ သိသွားပြီးတဲ့နောက်ပေါ့။ ဒါပေမဲ့ လီလီဟာ သူ့ ကောင်လေးကို ဘာမှ ထုတ်ပြီး မမေးဘူး။ "နေပါစေဟာ၊ လိုအပ်ရင် သူ ပြောလာမှာပေါ့" ဆိုတဲ့စကားနဲ့ ထိပ်တိုက်ရင်ဆိုင်လိုက်ဖို့ကို အမြဲ တမ်း ရှောင်နေခဲ့တာ။

"ငါ သိပြီးသားပဲဟာ ဘာဖြစ်လဲ၊ အစကတည်းက သူ့ကို ငါ မလိုချင်ပါဘူး၊ သူက ငါနဲ့ အတူရှိနေလို့ မရဘူးလေ" လို့လည်း ရင်ဘတ် အပြဲကြီးနဲ့ ရယ်ပြပြီး ပြောနေခဲ့တာ။ လီလီပြောင်းလဲမှုတွေကို သူ့ ကောင်လေးက သိလို့ မေးရင်တောင် ဘာမှ မဖြစ်ဘူး၊ ဘာညာနဲ့ပဲ အမြဲတမ်း ရှောင်ပြေးနေခဲ့တာ။

လီလီဟာ သတ္တိကောင်းသလိုလိုနဲ့ တကယ်တော့ သူရဲဘော ကြောင်တဲ့ ငကြောက်မပဲ။ "ငါ့ဘဝမှာ နင် မရှိလို့ မရပါဘူး" လို့ ဘယ်တော့မှ ဝန်မခံတတ်ဘူးလေ။

(၄)

လီလီဟာ အေးစက်လာတဲ့ သူ့အချစ်ရေးကို တစ်ခုပြီး၊ တစ်ခုနဲ့ အစားထိုးဖို့ ကြံတယ်။ တခြားအမျိုးသားတွေနဲ့ တွေ့တယ်၊ လိင်ဆက်ဆံတယ်။ သူ့ရင်ထဲက ကွက်လပ်ကြီးကို ဘာတွေနဲ့မဆို ထိုးသိပ် ဖြည့်စွက်ပြီး အစားထိုးဖို့ ကြံတယ်။

Blackhole ကြီးလိုပဲ ဘာနဲ့မှ မပြည့်ပြန်ဘူးလို့ စိတ်ပျက်လက်ပျက် ရယ်ရင်း ပြောတယ်။

လီလီဟာ မျက်ရည်အလှဲ့ဂျစ် ရှိတယ်။ လီလီ ငိုရင် သူ့ပါး ပေါ်ကို မျက်ရည် စီးကျတဲ့တစ်လျှောက်မှာ အနီပြင်တွေ ထလာ တတ်တာ။ လီလီမျက်နှာဟာ အခုတလောမှာ အမြဲတမ်း နီရဲ ယောင်ကိုင်းနေတတ်တယ်။

လီလီ လက်မှာ ဓားရာတွေဆိုတာ ဗလပွပဲ။ သွေးတွေ စွန်း နေတဲ့ အိပ်ရာခင်းကို မလဲပစ်သလို ကြုံသလို ပစ်ချထားတဲ့ ဘရိတ်ဒါး တွေလည်း လီလီအခန်းက ကြမ်းပြင်ပေါ်မှာ အနှံ့ပဲ။ ခြေဖဝါးတွေ ဓားရှသွားလည်း လီလီက ဒီတိုင်းဆက်လျှောက်သွားနေတာပဲ။ လီလီ တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်နဲ့ စုတ်ပြတ်သတ်လို့။

နံရံပေါ်မှာ သူ့လက်ကို လှီးပြီး စာတွေ ရေးတယ်။ ပြန်လာဖို့ တောင်းပန်နေတဲ့ စာတွေ ... အများကြီးပဲ။ နံရံနဲ့ ပြည့်လုနီးပါး။

(၅)

ဒီလို လိပ်ခဲတည်းလည်း အခြေအနေကြီးကို လီလီက ရှောင် ပြေးနေပေမယ့် လီလီကောင်လေးက အရာရာကို သူ့ဘက်ကပဲ စပြီး ရုပ်ဆိုင်းတယ်။ လီလီဆီကို သူ မလာတော့ဘူး။

"ငါ့နှလုံးသားကို အဲဒီအမျိုးသမီးဆီကို ပေးလိုက်ပြီ" လို့ ကောင်လေးက စာပို့လိုက်တော့ လီလီ အော်ငိုတယ်။ နာနာကျင်ကျင်၊ ပြီးတော့ ရှိုက်ကြီးတင်ငင်။ ဒဏ်ရာရနေတဲ့ သားရဲတိရစ္ဆာန်ကြီးတစ် ကောင် ဒေါသတကြီး ညီးတွားရုန်းကန်နေသလိုမျိုး ကြမ်းပေါ်မှာ လူးလိမ့် ပြီးတော့ကို ငိုတာ။ "နင်က ငါ့ကို အဲဒီလို အေးတိအေးစက် နှလုံးသား ကိုပဲ ပေးခဲ့တာလား" လို့လည်း ငိုငို မေးမေးနဲ့ ကောင်လေးကို ပြန်မေး ပေမယ့် ကောင်လေးကတော့ အွန်လိုင်းပေါ်ကနေ ထွက်သွားခဲ့ပြီ။

လီလီဟာ ကောင်လေးဆီကို ဖုန်းဆက်ဖို့ ကြိုးစားပေမယ့် တဆတ်ဆတ် တုန်နေတဲ့ သူ့လက်တွေ ကြားကနေ ဖုန်းဟာ လျှောကျ သွားတယ်။ လီလီကိုယ်တိုင်လည်း ကြမ်းပြင်ပေါ်မှာ ကြိုးပြတ်ကျသွား တဲ့ ရုပ်သေးတစ်ခုလို ကျိုးကျေခွေခေါက်နေခဲ့တယ်။

အဲဒီနောက်ပိုင်းမှာ လီလီကို ကြည့်ရတာ ငြိမ်သက်လွန်းတော့ ကြောက်စရာတောင် ကောင်းနေတယ်။ လီလီဟာ မငိုတော့ဘူး၊ ပြီး တော့ ရယ်လည်း မရယ်ဘူး။ လီလီမျက်နှာဟာ ကျောက်သားပန်းပု တစ်ခုလို အပြင်လိုက်ကြီး

အေးစက်နေခဲ့တာ။

တစ်ရက်မှာတော့ အိမ်ကနေ လီလီပျောက်သွားတယ်။ ဘယ်သူမှ လိုက်မရှာပါဘူး။ လီလီပျောက်သွားလို့ ပျောက်သွားမှန်း တောင် ဘယ်သူမှမှ မသိကြတာ။ လီလီဟာ ဒီလိုပဲ ပျောက်သွားခဲ့ တာပဲ။

(၆)

ခုတလောမှာ အွန်လိုင်းပေါ်မှာ ဆူညံနေတဲ့ သတင်းတစ်ပုဒ် က လက်ထပ်ကာနီး သတို့သမီးလောင်း ပျောက်ဆုံးသွားတဲ့ သတင်း ပဲ။ ပျောက်သွားပုံက ခြေရာလက်ရာ လုံးဝအစရှာမတွေ့လွန်းလို့ လူတွေ ဟာ သို့လောသို့လောနဲ့။ သတို့သားလောင်းဆိုတာ ရူးမတတ်ဘဲ။

သတို့သမီးကို မတွေ့ရတော့ကတည်းက သူ့ရုပ်ရော စိတ်ရောဟာ လဲပြိုကျလို့၊ သူ့ကို ကြည့်ရတာ စုတ်ပြတ်သတ်နေတဲ့ အရုပ်တစ်ရုပ်လို ဖြစ်နေလို့ မြင်သူတိုင်းဟာ စုပ်တသပ်သပ်နဲ့ သနားကြတယ်။

ကောင်လေးဟာ အဆုံးအရှုံးကြီးလိုက်တာလို့လည်း တီးတိုး တီးတိုး ပြောကြတယ်။

(၇)

လီလီကောင်လေးဟာ လီလီအခန်းတံခါးဝကို ရောက်လာတယ်။ ဆောရီး ... အခုတော့ လီလီကောင်လေး မဟုတ်တော့ဘူးပေါ့။ လီလီဟာ သူ့အခန်းသော့ကို မလဲထားခဲ့လို့ ကောင်လေးဆီမှာ ရှိနေ ခဲ့တဲ့ သော့အဟောင်းနဲ့ ဖွင့်ဝင်လို့ ရလိုက်တယ်။

လူမနေတာကြာတဲ့ လီလီအခန်းဟာ လီလီ ပျောက်သွား တုန်းက အတိုင်းပဲ။ ကြမ်းပေါ်မှာ ဓားသွားတွေ၊ သွေးစက်တွေ၊ စီးကရက်အတိုရဲ့ ပြာတွေပဲ ပြည့်နှက်နေတယ်။ ပြီးတော့ နံရံပေါ်မှာ သွေးနဲ့ ရေးတဲ့စာတွေ...၊ စာတွေထဲကမှ တစ်ခုတည်းသော စာလုံး ကြီးကြီးကို စုတ်တံနဲ့ ရေးထားတယ်။ ဒီစာလုံးရဖို့ လီလီဟာ သူ့သွေး တွေကို ဘယ်လောက်တောင် သုံးခဲ့တယ် မသိဘူး။

"စောင့်နေတဲ့။"

ဒါတွေကလွဲရင် ဘာမှမရှိဘူး။ ကောင်လေးဟာ ဒေါသ တကြီး လီလီအခန်းထဲကနေ ထွက်သွားတယ်၊ ပြီးတော့ ရဲစခန်းကို ဖုန်းဆက်တယ်။ ရဲတွေဟာ လီလီအခန်းမှာ ခြေရှုပ်သွားကြတယ်။ ဒါပေမဲ့ လီလီဟာ မှော်ဆရာမတစ်ယောက်လိုပဲ

သူ့ကိုယ်သူ ဖျောက်ပြ တဲ့နေရာမှာ သိပ်ကိုတော်လွန်းနေခဲ့တယ်။

(၈)

ရက်အနည်းငယ် ကြာတဲ့နောက်မှာ လီလီကောင်လေး (အခုတော့ မဟုတ်တော့ဘူးပေါ့) ဆီကို ပါဆယ်ပုံးတစ်ပုံး ရောက်လာ တယ်။ ပါဆယ်ပုံးကို ဖွင့်ကြည့်ပြီးတာနဲ့ ကောင်လေးက ထိတ်လန့် တကြား တွန်းလွှတ်ပစ်လိုက်တယ်။ ကြမ်းပြင်ပေါ်ကို လွင့်စင်ပြုတ်ကျ သွားတဲ့ ပါဆယ်ပုံးထဲကနေ ထွက်ကျသွားတာက ရေခဲတွေနဲ့ အေးခဲ ထားတဲ့ လူ့နှလုံးသားကြီးပဲ။ ကောင်လေးရဲ့ လက်ထဲမှာ လီလီ လက်ရေးနဲ့ စာ ...

"ကြေပြီတဲ့။

အပျော်မယား

ရှင်ပျော်သလား ... ကိုကို

အင်း ... ကျမလည်း ပျော်တယ်။

ရရဲ့လား ... အဆင်ပြေလား

အိမ်က ဟာမကြီးကို ခဏလောက် မေ့ထားကြည့်ပါလား...။

ကိုကို လိုချင်တာ ဘာမဆို ရတယ်

ဟောဒီမှာ ... ရေမီးအစုံ ...

လာခဲ့ကိုကို ဒီကုတင်ပေါ်မှာ လေထီးပါ ခုန်မယ်။

ကျမ ခြသေ့်ကြီးဟာ ရှင်ပဲ

ကျမ နဂါးကြီးဟာ ရှင်ပဲ

ကျမ ဘဝကြီးဟာ ရှင်ပဲ

ကျမ ကမ္ဘာကြီးဟာ ရှင်ပဲ

ကျမရဲ့အရာရာဟာ ရှင်ပဲ...။

မျက်ရည်ဟုတ်လား...

ဘာလို့ ကျဖို့ လိုမလဲကွယ်၊

ကျမ အပျော်တွေဟာ ရှင့်ဖို့ပဲ

ကျမ ရယ်သံတွေဟာ ရှင့်ဖို့ပဲ

ကျမရဲ့သုံးဆယ့်နှစ်ကောဋ္ဌာသဟာလည်း ရှင့်ဖို့ပဲ။

ကြည့်စမ်းပါ ...။

ရှင့်လည်ပင်းမှာ တစ်ရစ်ရစ်ထပ်...

ကျမ ပတ်လိုက်တဲ့ ကြိုးတွေလေ ...။

ဒီမှာ ...

ရှင် စိတ်ပျော်၊ ကိုယ်ပျော်၊ နှလုံးသား အရည်ပျော်

အရာရာပျော် ...

အဲဒီအခါကျမှ

ရှင့်ကို ကျမက မော့သောက်ချပစ်လိုက်တော့မှာ ...။

Whisper Of Words